မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၉၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း တိုးချဲ့ဖောက်လုပ်နေမှုနှင့် ကလောမြို့ အောင်ပန်းမြို့များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဇူလိုင်၂၄ရက် မွန်းလွဲ ၁နာရီတွင် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်းရှိ ပြည်ညောင်တံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တံတားကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် တံတားသစ်တည်ဆောက်မည့်နေရာတို့ကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

တောင်သူအကျိုး ဖွံ့ဖြိုးဝေလျှံ ကန့်ဘလူမြို့နယ် လင်ပန်းရေလှောင်တမံ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မယ်ဇလီကုန်းရွာအနီး တည်ဆောက်ထားသည့် လယ်မြေဧက ၂၀၀၀ ဆည်ရေပေးဝေမည့် လင်ပန်းရေလှောင်တမံ၏ ရေထိန်းမျှော်စင်နှင့် ရေသိုလှောင်ထားမှုကို ဇူလိုင် ၂၁ရက်က ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

အရှည် ၅ ဒသမ ၂၁ မိုင်ရှည်လျားသော တူးမြောင်းမကြီးဖြင့် လင်ပန်းရေလှောင်တမံမှ ဆည်ရေများ ပေးဝေနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

သတင်းခရီးသည်-ကျော်စိန် ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု-ဇင်မင်းသန့်

ရန်ကုန် ဇူလိုင် ၂၆

ဇူလိုင် ၂၀ရက် ညနေက ရန်ကုန်မြို့မှ မန္တလေးသို့ အဝေးပြေးကားဖြင့်လိုက်ပါခဲ့သည့် မြန်မာ့အလင်း သတင်းအဖွဲ့ မန္တလေးသို့ နောက်တစ်နေ့ နံနက်စောစော၌ ရောက်ရှိသည်။ အနားမယူနိုင်ဘဲ မန္တလေးမှ ရွှေဘိုသို့ ဆက်လက်ခရီးထွက်ခဲ့ကြသည်။ ဦးတည်ချက်ကား လင်ပန်း ရေလှောင်တမံစီမံကိန်း။

လင်ပန်းရေလှောင်တမံ

ရွှေဘိုမှ ကန့်ဘလူမြို့နယ် မယ်ဇလီကုန်းကျေးရွာ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသော လင်ပန်းရေလှောင်တမံစီမံကိန်းသို့ သတင်းအဖွဲ့အား ရွှေဘိုမြို့ရှိ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၄)မှ တာဝန်ရှိသူများက ဦးဆောင်ခေါ်သွားခဲ့ပြီး လင်ပန်းရေလှောင်တမံတွင် ညအိပ်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ဒီမိုကရေစီပန်းတိုင်

အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ ပေါင်းစပ်နိုင်မှသာ ကျွန်တော်တို့ရဲ့ အနာဂတ်ခရီးလမ်းဟာ ဖြောင့်တန်းချောမွေ့ပြီး ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံး မျက်မှောက်ပြုနိုင်မှာ အမှန်ပါပဲ။

စိုးမြကျော်၏ ဆောင်းပါး စာ ၈ - ၉

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇူလိုင် ၂၇ ရက်)

မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ သုတေသနစာတမ်းများတိုးမြှင့်ဖတ်ကြား နိုင်ငံတော်ကာကွယ်စောင့်ရှောက်လိုစိတ်များ တိုးတက်ဖြစ်ထွန်း

မြန်မာ့ရိုးရာ အမျိုးသားရေးလက္ခဏာများ သုတေသနစာတမ်းဖတ်ပွဲကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ဇူလိုင်လ ၂၄ရက်နေ့က ကျင်းပခဲ့သည်။ သုတေသနစာတမ်းများသည် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများမှတစ်ဆင့် မြန်မာတို့၏အမျိုးသားရေးစိတ်ဓာတ်၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ခင်တွယ်မြတ်နိုးစွာနှင့် အရှည်တည်တံ့ရန် စောင့်ထိန်းလိုသော မျိုးချစ်စိတ်ဓာတ်များကို တိုးပွားမြှင့်တင်စေမည်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် အခြေခံအကြောင်းတရားသည် နိုင်ငံသားတိုင်း မိမိတိုင်းပြည်နှင့်လူမျိုး၏ အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို ခြေခြေမြစ်မြစ် သိရှိနားလည်ပြီး ယဉ်ကျေးမှုဆိုင်ရာသမိုင်းကြောင်းများကို တန်ဖိုးထား မြတ်နိုးထိန်းသိမ်းလိုစိတ်များ၊ ဂုဏ်ယူစိတ်များရှိမှသာလျှင် နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်လိုစိတ်များ တိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာ အမျိုးသားရေးလက္ခဏာများဆိုင်ရာ သုတေသနစာတမ်းများသည် မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာဆိုင်ရာ ထူးခြားသော ဝိသေသလက္ခဏာများဖြစ်သည့် မြန်မာ့ရိုးရာမင်္ဂလာ(၁၂)ပါး အခမ်းအနား အစရှိသော အကြောင်းခြင်းရာများ၊ မြန်မာ့ရိုးရာနတ်ချင်းနှင့် စပ်လျဉ်းသော တေးဂီတများ၊ မြန်မာ့ရိုးရာဇာတ်တော်ကြီးများကို အခြေခံ၍ ဆင်ခြင်အပ်သော လောကဓမ္မအကြောင်းကို ဖော်ညွှန်းပြဆိုနေခြင်းဖြစ်သည်။

သုတေသနစာတမ်းများကို စာတမ်းဖတ်ပွဲမှ ပညာရှင်များ၊ သုတေသီများနှင့် စိတ်ဝင်စားသူများက ဝိုင်းဝန်းအကြံပြု ဖြည့်စွက်ဆွေးနွေးမှုများသည်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုလက္ခဏာများကို ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပွားများစည်ပင်ရန် တာဝန်သိစွာ ဆောင်ရွက်ခြင်းစသည့် အမျိုးသားရေးတာဝန်ကို ပူးပေါင်းပါဝင် ထမ်းဆောင်ခဲ့ကြခြင်းပင်ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာ့ရိုးရာ အမျိုးသားရေးလက္ခဏာများ၊ သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ရန် ကာကွယ်ထိန်းသိမ်းလိုစိတ်များ တိုင်းရင်းသားပြည်သူများ၏ နှလုံးသား၌ စိမ့်ဝင်စွဲမြဲတည်တံ့ရေးအတွက် အထောက်အကူပြုသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၇-၇-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄း၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၄။ သွက်လက်လှုပ်ရှားကစားစို့လား
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၇၃)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၂၉)
- ၂၄။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ (အပိုင်း-၂၁)

သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယမန်နေ့ နံနက် ၁၁နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးစိန်မောင်ဝင့်က အသင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစစ်ဗိုလ်က အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြသည်။

ရွေးချယ်

ယင်းနောက် အသင်းသားများ၏ အကြံပြုချက်များကို အထွေထွေအတွင်းရေးမှူး ဦးအုန်းက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လာမည့်သက်တမ်းအတွက် ရွေးချယ်ထားသော အလုပ်အမှုဆောင်အဖွဲ့ ၁၅ဦးတို့၏ အမည်စာရင်းကို ကြေညာသည်။

ထို့နောက် ရှမ်းမောမြေကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဉာဏ်လင်းက ဇီဝမြေသြဇာအတွက် ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခင်ဦး၌ စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

ခင်ဦး ဇူလိုင် ၂၆

ခင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် စီမံခန့်ခွဲမှု သင်တန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဇူလိုင် ၁ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းက အဖွင့်အမှာစကားပြောကြားပြီး စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းကို နည်းပြနှစ်ဦးက ပို့ချပေးခဲ့ကြောင်း သိရသည်။ (၁၈၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **ရင်ထဲက အရဟံ** တရားတော် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ကောရီ** (အပိုင်း-၂၄)
- ၈း၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၉း၃၅ Sports World
- ၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၂၅ အလှတရား၏ လျှို့ဝှက်ချက်
- ၁၀း၅၀ International Show Biz
- ၁၁း၁၀ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
- ၁၁း၂၀ Make in A Delicious Way (ဂရိရိုးရာအစားအစာများ) (အပိုင်း-၁)
- ၁၁း၄၀ များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့
- ၁၁း၅၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ရောင်စုံစက္ကူပန်းအိုးပြုလုပ်နည်း)
- ၁၂း၁၀ **အေးမြသောလေညင်းလေးများ** မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျ၊ ဖူးဖူးမောင် [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
- ၁၂း၃၀ စာအုပ်ပြခန်း (စာရေးဆရာ ချစ်စံဝင်းနှင့် တွေ့ဆုံခြင်း)
- ၁း၀၀ **ရင်ထဲက အရဟံ** တရားတော် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ နာတာရှည် ကျောက်ကပ်အလုပ်မလုပ်(သို့) အားနည်းရောဂါ အကြောင်း (ပါမောက္ခ ဒေါက်တာခင်မောင်ဌေး)
- ၃း၁၅ အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
- ၃း၃၅ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
- ၃း၅၀ ရတနာစစ်တို့ရဲ့ ဘူမိနက်သန်
- ၄း၁၅ မျက်စိအာရုံကြည်လင်စေရာ ရွှေလမင်းမှာ
- ၄း၃၀ ကျောက်ဆစ်ထွင်းထု ပုံဖော်ပြု အနုမြတ်ပညာ
- ၄း၄၅ ပညာအလင်းဝေဖြာစေသော စေတနာအလင်းတန်းများ
- ၅း၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အဆုတ်ကင်ဆာရောဂါအကြောင်း)
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ International Show Biz
- ၆း၄၀ အနုပညာမိုးကောင်းကင်
- ၆း၅၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ရောင်စုံစက္ကူပန်းအိုးပြုလုပ်နည်း)
- ၇း၁၀ Tourist Map of Myanmar
- ၇း၂၅ Make in A Delicious Way (ဂရိရိုးရာအစားအစာများ) (အပိုင်း-၁)
- ၇း၄၅ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စာအုပ်ပြခန်း (စာရေးဆရာချစ်စံဝင်းနှင့် တွေ့ဆုံခြင်း)
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ကောရီ** (အပိုင်း-၂၄)
- ၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁၁း၄၅ Land of Flowers
- ၁၂း၃၀ တေးဂီတအစီအစဉ်
- ၁၂း၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အဆုတ်ကင်ဆာရောဂါအကြောင်း)
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျော့သောင်းမြို့နယ် သစ်တောဦးစီးဌာန ဒီရေတောထိန်းသိမ်းကာကွယ်ခြင်းပညာပေးဟောပြော

ကျော့သောင်း ဇူလိုင် ၂၆

ကျော့သောင်းမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ကျော့သောင်းမြို့နယ် ခုနစ်မိုင် ချောင်းဝကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဒီရေတောများ၏ အကျိုးကျေးဇူးများ ပညာပေးဟောပြောပွဲကို ဇွန် ၂၇ရက်က ကျင်းပသည်။

တက်ရောက်

အဆိုပါဟောပြောပွဲ၌ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က ဆွေးနွေးဟောပြောပြီး (ဝဲပုံ) ဒေသခံကျေးရွာပြည်သူများ၊ ရပ်မိရပ်ဖများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၅ဦး တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

27-7 (02).pmd 1 7/27/2009, 2:20 AM

✱ ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ကလောမြို့သို့ရောက်ရှိပြီး မြို့အဝင်နှင့် မြို့တွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်၂၅ရက် နံနက် ၁၀နာရီခွဲတွင် ကလောမြို့နယ် ရုံးခန်းမ၌ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုမြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ကလောမြို့နယ်အတွင်း ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာန အောင်ပန်းသုတေသနခြံသို့ သွားရောက်၍ သုတေသနပြု စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် အောင်ပန်းမြို့ ကမ်းပါးနီကျေးရွာအနီး၌ စိုက်ပျိုးထားသော နှစ်ရှည်သီးနှံပန်းသီးခြံအတွင်း ချင်းသီးညှပ်စိုက်ခင်း စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်းရှိ ပြည်ညောင်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် ကိုရီးယားကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်လွင်နှင့် ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား ကိုရီးယားသမ္မတနိုင်ငံ Chonnam National University မှ ပါမောက္ခ Mr. Hoisoo Kim, (Ph.D, Director of G.J University e-Learning Research and Support Center) ခေါင်းဆောင်၍ အဖွဲ့ဝင်သုံးဦးတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၀ရက်က အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် ကိုရီးယားဘာသာစကား သင်ကြားရေးဆိုင်ရာကိစ္စ၊ ကိုရီးယား-မြန်မာ အဘိဓာန် ပြုစုထုတ်ဝေရေးကိစ္စ၊ အိုင်တီဆိုင်ရာကျွမ်းကျင်မှု သင်တန်းများကို ပူးပေါင်းဆောင်ရွက် ကျင်းပနိုင်ရေးကိစ္စ၊ ကိုရီးယားစီးပွားရေး လုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့လာရောက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေးရေးကိစ္စတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ကြည့်မြင်တိုင်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် မျက်မမြင်သင်တန်းကျောင်း အစည်းအဝေးခန်းမ လူမှုဝန်ထမ်းဦးစီးဌာန ပန်းပင်ကြီးလမ်း၌ ကျင်းပသည်။

တာဝန်ပေး

အခမ်းအနားတွင် သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက အမှာစကားပြောကြားပြီး အဖွဲ့ခေါင်းဆောင်ဦးရန်ပိုင်စိုး(တွဲဖက်အတွင်းရေးမှူး)က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ဥက္ကဋ္ဌ တက္ကသိုလ်ဦးတင်မောင်ဝင်း၊ ဦးအောင်နိုင်(တရုတ်ကြီး)၊ ဦးအောင်နိုင်၊ ဦးမျိုးသိန်းထွန်း၊ ဦးလှကျော်၊ ဦးမိုးဇော်ဗိုလ်၊ စန္ဒရားဦးသက်ခိုင်၊ ဒေါ်ရွှေရည်ဝင်း၊ ဦးဟက်ကက်၊ ဦးဇေယျာမင်းထွန်း၊ ဦးမောင်မောင်မြင့်တို့ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်တာဝန်ပေးအပ်၍ ဂီတအစည်းအရုံး ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်လမ်းစစ်ဆေး

ညောင်လေးပင် ဇူလိုင် ၂၆

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ပုဇွန်မြောင်းစုံပြကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇွန် ၃၀ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇူလိုင် ၂၆ရက်က တောင်ငူမြို့နယ်အသင်း၏ စုပေါင်းအလှူနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇဟာန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ကျင်းပရာ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မမေဖူးလင်းကိုအား အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၃၅)

ဥနှင့်ငါးကို
ပွားစေလို
ငါးရစ်ဆို
မဖမ်းနဲ့

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ကလေးငယ်များကို ရိုက်နှက်ဆုံးမခဲ့လျှင် ဉာဏ်ရည်ထုံထိုင်းခြင်းနှင့် စိတ်ပိုင်းဆိုင်ရာများ ထိခိုက်နိုင်ဟုဆို

ကလေးငယ်များကို ရိုက်ပြီးဆုံးမခြင်းသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်မှုဖြစ်စေကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ကလေးငယ်တို့၏ သဘာဝအရ အမှားအယွင်းလုပ်မိသည့် အကြိမ်တိုင်း မိဘနှင့် အုပ်ထိန်းသူများက ရိုက်နှက်ဆုံးမခြင်းသည် ကလေးငယ်တို့၏ ပင်ကိုထက်မြက်သည့် ဦးနှောက်ပိုင်းဆိုင်ရာဖွဲ့စည်းမှုနှင့် အလေ့အကျင့်များကို ထိခိုက်မှုဖြစ်ပွားစေနိုင်သည်ဟုဆို၏။

စိတ်ကျရောဂါ

ကလေးငယ်များကို ထိုသို့ရိုက်နှက်ဆုံးမခြင်းသည် ကလေးများအဖို့ မှားယွင်းသော စိတ်ထွက်ပေါက်များလုပ်မိစေရန် တွန်းပို့သကဲ့သို့ ဖြစ်ပေါ်စေသည့်အပြင် မိဘများအပေါ် လေးစားအထင်ကြီးမှုနှင့် စိတ်ကျရောဂါများ ဖြစ်ပေါ်စေတတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဉာဏ်ရည်ထိခိုက်စေ

ငယ်ရွယ်သောကလေးများ၏ ဖွံ့ဖြိုးစ ဦးနှောက်များတွင် လန်းဆန်းသောဆဲလ်များနှင့် နာဗ်ကြောဖွဲ့စည်းမှုများရှိနေရာ ရိုက်နှက်ဆုံးမချိန်တွင် ဦးနှောက်ဆဲလ်များ ထိခိုက်ပျက်စီးစေပြီး မှတ်ဉာဏ်ထုံထိုင်းမှု ဖြစ်ပေါ်စေကာ ကလေးများ၏ ဉာဏ်ရည်ကို ထိခိုက်စေကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

တွေ့ရှိ

မကြာခဏ ရိုက်နှက်ဆုံးမခံရသော ကလေးငယ် ၁၀၀၀နှင့် နှုတ်ဖြင့်သာ ပေါက်နားလည်အောင် ဆုံးမခံရသော ကလေးငယ် ၁၀၀၀တို့အား ၁၀နှစ်ကြာ သုတေသနပြုခဲ့ရာ မကြာခဏ ရိုက်နှက်ခံရသော ကလေးစုဝရာခိုင်နှုန်းသည် ဉာဏ်ရည်ထုံထိုင်းသည့် ကလေးငယ်များဖြစ်လာကြောင်း၊ နှုတ်ဖြင့်ဆုံးမသော ကလေးငယ်များ၌မူ ၁၀ ရာခိုင်နှုန်းခန့်သာ ဉာဏ်ရည်ထိခိုက်မှုဖြစ်သည်ကို တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြသည်။

ထို့ကြောင့် မိဘများအနေဖြင့် ကလေးငယ်များ အမှားအယွင်းပြုလုပ်သည့်အခါ နှုတ်ဖြင့်နားလည်အောင် ဆုံးမသွန်သင်သင့်ကြောင်း အကြံပြုထားသည်။ ။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇူလိုင် ၂၆

ဇူလိုင် ၂၆ရက် ညနေ ၄ နာရီ ၄၄ မိနစ် ၁၅ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက်မိုင် ၄၅၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ကပ္ပလီပင်လယ်ပြင်) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ *(သတင်းစဉ်)*

ဥတုရာသီ
တောကို မှီ၏

မုတ်သုံလေဆက်လက်အားကောင်းနေဆဲ

ရန်ကုန် ဇူလိုင် ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဒေသအလိုက်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော် ပျဉ်းမနားတွင် ၀ ဒသမ ၅၄ လက်မ၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းတို့တွင် ၀ ဒသမ ၀၈ လက်မစီ၊ ဥမြို့တွင် ၅ ဒသမ ၉၄ လက်မ၊ ရေးမြို့တွင် ၅ ဒသမ ၃၆ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၄ ဒသမ ၈၄ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၄ ဒသမ ၈၀ လက်မ၊ ပုသိမ်မြို့တွင် ၄ ဒသမ ၂၁ လက်မ၊ မအူပင်မြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၃ ဒသမ ၃၈ လက်မနှင့် ပူတာအိုမြို့တွင် ၃ ဒသမ ၂၃ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဇူလိုင် ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်တွင်းလေယာဉ်ပြပွဲ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ စန်တိုဒူမန့်တ်လေဆိပ်၌ ဒုတိယအကြိမ်မြောက် ပြည်တွင်းလေယာဉ်ပြပွဲတွင် ပြသထားသည့်လေယာဉ်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တူရကီ၌ မူးယစ်ဆေးဝါးစစ်ဆင်ရေး ဆင်နွှဲ ဘိန်းဖြူ ၇၇ကီလို သိမ်းဆည်းရမိ

အန်ကာရာ ဇူလိုင် ၂၆

တူရကီအာဏာပိုင်များသည် နိုင်ငံတစ်ဝန်း ဇူလိုင် ၂၄ရက်က မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆောင်ရွက်စဉ်အတွင်း ဘိန်းဖြူ ၇၇ကီလိုဂရမ်နှင့် ဆေးခြောက် ၁၈ကီလိုဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်သူ ၃၄ဦးအား ထိန်းသိမ်းခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

တူရကီနိုင်ငံ အီရ်ဇင်ကန်ပြည်နယ်အရှေ့ပိုင်းတွင် တူရကီရဲတပ်ဖွဲ့က လမ်းမပေါ်၌ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်စဉ်အတွင်း ကားတစ်စီးအတွင်းမှ ဘိန်းဖြူ၅၁ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ပြီး နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း အထက်ပါသတင်းဌာနက ထုတ်ပြန်သည်။

သိမ်းဆည်းရမိ

ဘစ်လစ်ပြည်နယ်အတွင်း မူးယစ်စစ်ဆင်ရေးဆောင်ရွက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ ထရပ်ကားတစ်စီးကိုရှာဖွေခဲ့ရာ ဘိန်းဖြူ ၂၅ဒသမ၈ကီလိုဂရမ်ကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး ယာဉ်မောင်းကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ တူရကီနိုင်ငံ၏မြို့တော် အန်ကာရာတွင်လည်း မူးယစ်စစ်ဆင်ရေးဆင်နွှဲခဲ့ရာ ရဲတပ်ဖွဲ့က ဆေးခြောက် ၁၈ကီလိုဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား၁၀၀ကို သိမ်းဆည်းရမိခဲ့ပြီး ၃၄ဦးအား ဖမ်းဆီးနိုင်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တာလီဘန်များ အသေခံဗုံးခွဲ အပြစ်မဲ့အရပ်သားများ ထိခိုက်ဒဏ်ရာရရှိ

ခို့စ် ဇူလိုင် ၂၆

ပြီးခဲ့သည့် ဇူလိုင်၂၅ရက်က အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်မြို့၌ တာလီဘန် လက်နက်ကိုင်များက ဗုံးတပ်ဆင်ထားသော အင်္ကျီများ ဝတ်ဆင်၍ အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့ကြသည်။ ၎င်းတို့သည် ရဲစခန်းနှင့်အနီးရှိ အစိုးရဌာနတို့ကို ဖောက်ခွဲရန် ကြံစည်ခဲ့ခြင်းဖြစ်ပြီး ယင်းဖောက်ခွဲမှုကြောင့် လက်နက်ကိုင်ခြောက်ဦး သေဆုံးခဲ့သည်။ ခုနစ်ဦးမြောက် လက်နက်ကိုင်သည် အစိုးရတပ်ဖွဲ့ဝင်များ အနီး၌ ဗုံးဖောက်ခွဲခဲ့မှုကြောင့် တပ်ဖွဲ့ဝင်များသေဆုံးမှု မရှိသော်လည်း အရပ်သား ၁၁ဦး နှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး စုစုပေါင်း၁၄ဦး ဒဏ်ရာရရှိခဲ့ကြသည်။ **(အင်တာနက်)**

အီရတ်ရှိ လက်နက်ကိုင်အုပ်စုများနှင့်ဆွေးနွေးနေမှု ကန်အရာရှိများအား အီရတ်အစိုးရဝေဖန်ပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၂၆

အမေရိကန်အစိုးရသည် အီရတ်အစိုးရက အကြမ်းဖက်သမားများဟု သတ်မှတ်ထားသောအုပ်စုများနှင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း အီရတ်ဝန်ကြီးချုပ် အယ်လ်မာလီကီက အမေရိကန်နိုင်ငံ၏မြို့တော် ဝါရှင်တန်သို့ အလည်အပတ် ရောက်ရှိနေစဉ် ဇူလိုင်၂၄ရက်က ဝေဖန်ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်ရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် အမေရိကန်အရာရှိများသည် အီရတ်အစိုးရအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ အီရတ်ရှိ လက်နက်ကိုင်အုပ်စုမှ သံတမန်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အီရတ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အလီအယ်လ်ဒက်ဘက်ချ်က ပြောကြားသည်။

ပယ်ချ

အမေရိကန်အပါအဝင် မည်သည့်ဘက်မှမဆို အီရတ်အစိုးရ သဘောတူ အတည်ပြုချက်ကို ရယူရမည်ဖြစ်ပြီး ယင်းသို့ သဘောတူ အတည်ပြုချက် မရယူခဲ့သည့် မည်သည့်လုပ်ရပ်ကိုမျှ အီရတ်အစိုးရက လက်ခံမည်မဟုတ်ကြောင်း၊ပြီးခဲ့သည့် အကြမ်းဖက်သမားများနှင့် အမေရိကန်တို့၏ ဆွေးနွေးမှုကို ပယ်ချကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

အတိုက်အခံအုပ်စုများနှင့် အမေရိကန်တို့ ဆွေးနွေးရန် အီရတ်အစိုးရအနေဖြင့် ယခင်က သဘောတူညီမှုများ ထားရှိခဲ့ခြင်း မရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း လန်ကျိုပြည်နယ် ဂန်စုမြို့ရှိပြတိုက်၌ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရောင်းပြခန်း

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရီမြို့၌ ကျင်းပသည့် စိုက်ပျိုးရေး ထွက်ကုန်ပြပွဲ၏ အရောင်းပြခန်း တစ်နေရာကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ခရိုအေးရှား၌ ရထားလမ်းချော်

ဇာဂရက် ဇူလိုင် ၂၆

ခရိုအေးရှားနိုင်ငံ၏ အက်ဒရီယက်တစ်ပင်လယ်အော် ဒေသအနီးရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် စပလစ်မြို့၌ ခရီးသည်တင်ရထားတစ်စင်း ဇူလိုင် ၂၄ရက်က လမ်းချော်ခဲ့သဖြင့် ခြောက်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ရပ်ကြောင့် လူ၅၀ခန့်ဒဏ်ရာရရှိသည်ဟု စပလစ်မြို့ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

လမ်းချော်ခဲ့

အဆိုပါရထားသည် ဇာဂရက်မြို့တော်မှ ထွက်ခွာလာပြီးမကြာမီ စပလစ်မြို့သို့ ဆိုက်ရောက်ခါနီးတွင် လမ်းချော်ခဲ့ခြင်းဖြစ်သည်။

ရထားလမ်းချော်မှုကြောင့် နောက်ဆုံးအသေအပျောက်စာရင်း မသိရှိရသေးဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မာရီနာက ပြောကြားသည်။ ယင်းရထားသည် ခရီးသည် ၉၀ခန့် တင်ဆောင်ပြီး အပန်းဖြေရာကမ်းခြေမြို့သို့ ဦးတည်ခုတ်မောင်းလာခြင်းဖြစ်သည်။ အမ်အင်န်အေ၊ရိုက်တာ

ဖလူးဂျာမြို့၌ ကားဗုံးကွဲ ငါးဦးသေဆုံး၊ ၂၀ဒဏ်ရာရရှိ

ဖလူးဂျာ ဇူလိုင် ၂၆

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ဇူလိုင်၂၅ရက်က ကားဗုံးခွဲတိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုများကြောင့် ငါးဦးသေဆုံးပြီး လူ၂၀ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်ပွားမှုသည် အီရတ်အနောက်ပိုင်းမြို့ကြီးဖြစ်သည့် ဖလူးဂျာ၌ အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားလာခြင်းကို ပြသနေပြီး ဆွန်နီအုပ်စုများအား ပစ်မှတ် ထားကာ တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

(အောက်ပုံ) (အင်တာနက်)

ဆိုမာလီ ပူးတွဲလုံခြုံရေးကော်မတီ မိုဂါဒစ်ရှူး၌ပထမအကြိမ် တွေ့ဆုံဆွေးနွေး

မိုဂါဒစ်ရှူး ဇူလိုင် ၂၆

ဆိုမာလီအစိုးရ၏ လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများကို ပူးပေါင်းထောက်ခံအားပေးရေးအတွက် အာဖရိကသမဂ္ဂ ဆိုမာလီငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ (အမီဆွမ်) သည် ကုလသမဂ္ဂ ဆိုမာလီဆိုင်ရာ နိုင်ငံရေးရုံး (အန်ပေါ့)နှင့်တကွ ဆိုမာလီအစိုးရကိုယ်စားလှယ်တို့နှင့် ဇူလိုင် ၂၅ရက်က ပူးတွဲလုံခြုံရေး ကော်မတီအစည်းအဝေး ကျင်းပသည်။

ပထမခြေလှမ်း

မိုဂါဒစ်ရှူးမြို့၌ ကျင်းပသည့် ပူးတွဲလုံခြုံရေးကော်မတီအစည်းအဝေးမှာ အရေးပါသည့် ပထမခြေလှမ်းဖြစ်ကြောင်း အမီဆွမ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဘာရီဂျီကဟိုကူက ပြောကြားသည်။

ပြိုင်ဘက်အုပ်စု

ဆိုမာလီခေါင်းဆောင် မိုဟာမက်ဆီယက်ဘာရီအား ၁၉၉၁ခုနှစ်တွင်ဖယ်ရှားလိုက်သည့်အချိန်မှစ၍ ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးမှာ ပြိုင်ဘက်အုပ်စုများအကြား သွေးထွက်သံယို ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသည့်မြို့ဖြစ်သည်။ **(အင်တာနက်)**

တရုတ်အလယ်ပိုင်း၌ လေပြင်းမုန်တိုင်းတိုက်ခတ် မြေပြိုမှုဖြစ်ပွား

ချန်ရှာ ဇူလိုင် ၂၆

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်အလယ်ပိုင်းတွင် ဇူလိုင် ၂၄ရက်နှင့်၂၅ရက်များက လေပြင်းမုန်တိုင်း တိုက်ခတ်သဖြင့် လေးဦးသေဆုံးပြီး အခြားငါးဦး ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဟွိုင်ဟွာမြို့ ဟုံကျင်းဒေသတွင် ပြည်သူ ၅၀၀၀ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး ၁၀ဦးကျော် ဒဏ်ရာရရှိသည်ဟုဆိုသည်။ ချန်ကွမ်ဒေသတွင် ပြည်သူ ၃၀၀၀၀ကျော် မုန်တိုင်းဒဏ်ခံခဲ့ရပြီး နေရာပေါင်း ၅၆၀တွင် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။ မုန်တိုင်းကြောင့် နေအိမ်များပျက်စီးခြင်းနှင့် ယာဉ်အသွားအလာ ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့သည့်အပြင် ယွမ်သန်း၂၄၀(အမေရိကန်ဒေါ်လာ ၃၅သန်း)ဆုံးရှုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ***(အင်တာနက်)***

27-7 (04).pmd 1 7/27/2009, 2:20 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

ချစ်စိုးနိုင်- စုစည်းတင်ပြသည်

ပြင်သစ်သမ္မတနေမကောင်း၍ ဆေးရုံတက်ကုသရ

ပြင်သစ်သမ္မတနီကိုလပ်စ်ဆာကိုဇီသည် ကျန်းမာရေးလေ့ကျင့်ခန်းလုပ်နေစဉ် အဖျားဝေဒနာခံစားလာရသဖြင့် ဆေးရုံတက် ကုသနေရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးနှင့်ဆက်ဆံရေး ဆီးရီးယားသမ္မတနှင့် ကန်အထူးသံတမန်ဆွေးနွေး

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံဆက်ဆံရေး အလားအလာဆိုင်ရာ ကိစ္စရပ်များကို ဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆက်ဒ်နှင့် အရှေ့အလယ်ပိုင်း ဒေသဆိုင်ရာ အမေရိကန်အထူးသံတမန်ဂျော့မစ်ရှယ်တို့ ဇူလိုင် ၂၆ရက်က ဆွေးနွေးခဲ့ကြသည်။

A(H1N1) တုပ်ကွေးဖြစ်ပွားသူ တရုတ်ဟောင်ကောင်ဒေသ၌ ၂၇၀၂ ဦးရှိပြီ

တရုတ်ဟောင်ကောင်ဒေသတွင် ဇူလိုင် ၂၆ ရက်က တစ်နေ့တည်းတွင် A(H1 N1) အများဆုံး ထပ်မံကူးစက်ဖြစ်ပွားခဲ့ရာ အမျိုးသား ၈၃ဦးနှင့် အမျိုးသမီး ၁၀၇ဦးစုစုပေါင်း ၁၉၀ရှိကြောင်း၊ အသက်ငါးလမှ ၈၁နှစ်အရွယ်ကြားရှိ ပြည်သူများဖြစ်ကြောင်း၊ ယနေ့အထိ ယင်းဒေသတွင် A(H1 N1) တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၂၇၀၂ ဦးရှိသွားပြီဖြစ်ကြောင်း ဟောင်ကောင်ဒေသ ကျန်းမာရေးဌာနက အတည်ပြုပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် မြောက်ပိုင်း၌ ယာဉ်မတော်တဆဖြစ်မှု သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း ဒါကာမြို့မှ ကီလိုမီတာ၂၆၀အကွာ ဂိုင်ဆန်ဒါခရိုင်၌ ဇူလိုင် ၂၆ရက်က ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ဒေသတွင်းဘတ်စ်ကားတစ်စီးနှင့် စာနယ်ဇင်းသမားတစ်ဦးအပါအဝင် ခရီးသည်လေးဦးတင်ဆောင်လာသော ကားတို့တိုက်မိခဲ့ကြရာ သုံးဦးသေဆုံးပြီး ရဲအရာရှိတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ယင်းဒေသရဲအကြီးအကဲက ဆင်ဟွာသို့ ပြောကြားသည်။

တယ်လီဖုန်းသုံးစွဲသူဦးရေ တရုတ်၌ သန်းတစ်ထောင်ကျော်ပြီ

စက်မှုနှင့် သတင်းနည်းပညာဝန်ကြီးဌာန(အမ်အိုင်အိုင်တီ)မှ တတိယမျိုးဆက် (သရီးဂျီ)ကွန်ရက်၊ စာရင်းအင်းဌာန၏ တိုးမြှင့်ဆောင်ရွက်မှုကြောင့် တရုတ်နိုင်ငံတွင် တယ်လီဖုန်း သုံးစွဲသူဦးရေမှာ ပြီးခဲ့သည့် ဇွန်လအကုန်၌ သန်းတစ်ထောင်ကျော်လွန်သွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အိန္ဒိယ၌ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော ရေချ

အိန္ဒိယနိုင်ငံသည် တန်ချိန် ၆၀၀၀ရှိ ယင်း၏ ပထမဦးဆုံး အရီဟန့် အမည်ရှိ နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောကို ဇူလိုင် ၂၆ ရက်က စတင်ရေချသည့် အခမ်းအနားကို ကျင်းပခဲ့ကြောင်း၊ ယင်းအခမ်းအနား၌ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဖွင့်လှစ်ပေးခဲ့ပြီး ယင်းသင်္ဘောကို အရှေ့တောင် ကမ်းရိုးတန်းသို့ ဦးတည်မောင်းနှင်စေခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘော သုံးစွဲသည့် ဆဋ္ဌမမြောက်နိုင်ငံဖြစ်လာကြောင်း ဘီဘီစီသတင်း၌ ဖော်ပြသည်။

အပျော်စီးသင်္ဘောဦးပိုင်း၌ ဝေလငါး ညပ်မိ

စပိန်ယာ ပရင့်ဆက်စ် အမည်ရှိ ပင်လယ်အပျော်စီးသင်္ဘောကြီးသည် ကနေဒါနိုင်ငံ ဗန်ကူဗာဆိပ်ကမ်းသို့ ဆိုက်ကပ်စဉ် ဇူလိုင် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲက ရှားပါးဝေလငါးကြီး တစ်ကောင်** (အောက်ပုံ) **သည် သင်္ဘောဦး၌ ညပ်မိကာ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ အရှည် ပေ ၇၀ရှိ ဆူးတောင်ရေယက်ပါ ဝေလငါးကြီးသည် မည်သည့်နေရာမှလာ၍ မည်သည့်အချိန်တွင် မည်ကဲ့သို့ ညပ်မိနေသည်ကို မသိရသေးကြောင်း သတင်း၌ ဖော်ပြသည်။ ။

(အင်တာနက်)

မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင် မန်ယူအတွက် အဖွင့်ဂိုးကို ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ရာသီအကြို အာရှခြေစမ်းပွဲခရီးဆက် မန်ယူက တရုတ်မှ ဟန်ကျို့ဂရိုးန်တောင်းကို ဂိုးပြတ်နိုင်

ချစ်စိုးနိုင်ရေးသား၍ ခင်သန္တာသိန်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ပေကျင်း ဇူလိုင် ၂၆

ရာသီအကြို ခြေစမ်းပွဲအဖြစ် အာရှသို့ ခရီးထွက်လာသောမန်ယူအသင်း၏ လေးပွဲမြောက် ခြေစမ်းပွဲအဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဂရိုးန်တောင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက ရှစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းတွင် **ဂိုး**-ဗန်ဒါဆား **နောက်တန်း**တွင် အီဗရာ၊ အီဗန်၊ ဖာဒီနန်၊ ဒါဆေးလ်ဗား၊ **အလယ်တန်း**တွင် တိုဆစ်၊ ဖလက်ချာ၊ ပေါလ်စခိုး၊ နာနီနှင့် **ရှေ့တန်း**တွင် ဘာဘာတော့ဗ်၊ အိုဝင်တို့ လူစုံပွဲထွက်ခဲ့သည်။

အဖွင့်ဂိုး

မန်ယူအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် တိုက်စစ်မှူး မိုက်ကယ်အိုဝင်က သွင်းယူခဲ့သည်။ မန်ယူတို့ တစ်ဖက်သတ် တိုက်စစ်ဆင်ကစားနိုင်ခဲ့ကာ ၃၁ မိနစ်တွင် တိုက်စစ်မှူး ဘာဘာတော့ဗ်က မန်ယူအတွက် ဒုတိယဂိုးကိုသွင်းယူပေးခဲ့ပြီး နှစ်မိနစ်အကြာ ပွဲချိန် ၃၃မိနစ်တွင် အသက် ၁၇နှစ်အရွယ် လူငယ်ကစားသမား မာချေဒါက တတိယဂိုးသွင်းယူခဲ့သည်။ ဂရိုးန်တောင်း အသင်းသားများ ချေပဂိုးရရှိရန် ကြိုးစားသော်လည်း အရာမထင်ခဲ့ချေ။ ပွဲချိန်မိနစ် ၄၀တွင် မိုက်ကယ်အိုဝင်က ၎င်း၏ ဒုတိယဂိုးနှင့် မန်ယူအတွက် စတုတ္ထဂိုးကို သွင်းယူခဲ့ပြီး ပထမပိုင်း၌ မန်ယူတို့ လေးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေသည်။

အောင်ပွဲဆင်

ဒုတိယပိုင်း မိနစ် ၅၀တွင် နာနီက ပဉ္စမဂိုးသွင်းယူပေးခဲ့ပြီး ပွဲချိန် ၆၃မိနစ်နှင့် မိနစ် ၇၀တို့တွင် လူစားဝင်လာသူ ရှိုင်ယန်ဂစ်က မန်ယူအတွက် ဆဋ္ဌမဂိုးနှင့် သတ္တမဂိုးများကို သွင်းယူခဲ့သည်။ ပွဲချိန် ၇၈မိနစ်တွင်ဂရိုးန်တောင်းအတွက် ချေပဂိုးကို ဟောင်ယူကသွင်းယူခဲ့ပြီး ၈၉မိနစ်၌ ရှိုင်ယန်ဂစ်က ၎င်း၏ ဟက်ထရစ်ဂိုးနှင့် မန်ယူအတွက် အဋ္ဌမဂိုးကို သွင်းယူခဲ့သည်။မိနစ် ၉၀တွင် ဂရိုးန်တောင်းအတွက် ဗယ်လ်ဒိုက ဒုတိယချေပဂိုးကိုသွင်းယူခဲ့သဖြင့် ပွဲပြီးချိန်တွင် မန်ယူတို့ ရှစ်ဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ် အောင်ပွဲဆင်နိုင်ခဲ့သည်။ **အင်တာနက်**

သတင်း၊ ဓာတ်ပုံ ဝေဝေဆာဆာဖြင့် နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၇၁၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၆

နိုင်ငံတကာသတင်းဂျာနယ်ကို ခေတ်မီလှပသည့် အသွင်သဏ္ဌာန်၊ ထိမိထက်မြက်သည့် အရေးအသားများဖြင့် စိတ်ဝင်စားဖွယ်သတင်းများ၊ ဆောင်းပါးများ၊ ဓာတ်ပုံ၊ ရုပ်ပုံများဝေဝေဆာဆာဖော်ပြလျက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

စုံလင်

နိုင်ငံတကာသတင်းဂျာနယ်အမှတ်(၇၁၅)တွင် ပါရီမြေအောက်မှ ချောက်ချားဖွယ် တစ္ဆေမြို့တော်၊ အမေရိကန်၏ ကာကွယ်ရေးထီး အစ္စရေးအတွက် လုံခြုံပါမည်လော၊ အာဖဂန်စစ်ကိုအသစ်ပြန်စခြင်း၊ စီအိုင်အေ(သို့မဟုတ်)ဇာက်သတ်ခံနေရသည့် မြင်းရိုင်းတစ်ကောင်၊ နောက်ဆုံးစစ်ပွဲ၊ တရားသေသမားစသော မျက်နှာဖုံးသတင်းဆောင်းပါးများအပြင် ဆွက်ဒိုင်ယာရီ၊ ဆွက်ဒေသထိုးစစ်အရင်းစစ်သော်၊ ဂါဇာစစ်ပွဲဆိုင်ရာ စွပ်စွဲမှုများ အစ္စရေးရင်ဆိုင်နေရစသော စစ်ရေးစစ်ရာ သတင်းဆောင်းပါးများ သီရိလင်္ကာသမ္မတနှင့် တွေ့ဆုံခြင်း၊ ဟွန်ဒူးရပ်စ်နယ်စပ်၌ ကာဖျူးထုတ်ပြန်စသည့် နိုင်ငံရေးဆိုင်ရာ သတင်း၊ ဆောင်းပါးများ၊ သဲကန္တာရအောက်ကွယ်ပျောက်ခဲ့ရသော နီယာမြို့တော်၊ သင်ခန်းစာရယူနိုင်ကြသည့် နိုင်ငံတကာပုံပြင်များ၊ နိုင်ငံတကာ ဟာသများ၊ အားကစားသတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။

ဆက်သွယ်

နိုင်ငံတကာသတင်းဂျာနယ်တွင် ကြော်ငြာထည့်သွင်းလိုသူများ၊ ကိုယ်စားလှယ်မှာယူလိုသူများသည် စာတည်းအဖွဲ့ နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၇၇) မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-မန်နေဂျာ-၂၉၁၈၃၃၊ ကြော်ငြာ-၂၉၉၄၂၇နှင့် ဖြန့်ချိရေး-၂၉၂၈၃၀တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း စုစုပေါင်း ဧက ၉၇၀၀ကျော် ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် လဝဲကျေးရွာအနီး၌ ဇူလိုင် ၂၁ရက်တွင် ဘိန်းခင်း ၁၁ဧကဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့် တိုင်းများအတွင်းမှ ဘိန်းခင်း စုစုပေါင်း ၉၇၁၉ ဒသမ ၁၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်သူသည် မည်သို့နေထိုင်ရမည်နည်း။

ဖြေ။ ။ မိမိကျန်းမာရေး အမြန်ဆုံးကောင်းလာစေရန်နှင့် သူတစ်ပါးသို့ မကူးစက်စေရန်အတွက် စတင်ဖျားသည့်နေ့မှ ၁၀ရက်အထိ-

- လူနာအနေဖြင့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ထားရမည်၊
- မိမိအိမ်တွင် နေထိုင်ရမည်၊
- ရုံး၊ ကျောင်း၊ လုပ်ငန်းခွင်များနှင့် ခရီးသွားလာခြင်းများကို ရှောင်ကြဉ်ရမည်၊
- နှာချေ၊ ချောင်းဆိုးလျှင် တစ်သျှူး (သို့မဟုတ်) လက်ကိုင်ပဝါ အသုံးပြုရမည်၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးရမည်၊
- အာဟာရဖြစ်သော အစားအစာများ စားရန်နှင့် အရည်များများ သောက်ရမည်၊
- လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ရမည်၊
- ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

မေး။ ။ မိမိ မိသားစုအတွင်း တုပ်ကွေးဖြစ်ပွားသူရှိပါက အိမ်တွင် မည်သို့ပြုစုရမည်နည်း။

ဖြေ။ ။ တုပ်ကွေးရောဂါလူနာအား ပါးစပ်နှာခေါင်းစည်း တပ်ဆင်ထားရမည်၊

- လူနာအတွက် သီးသန့်နေထိုင်ရန် နေရာရှိပါက လေဝင်လေထွက်ကောင်းသော နေရာတွင် ထားရှိရမည်၊
- ဖျားနာသူအား အနီးကပ်စောင့်ရှောက်သူသည် (ဖျားနာသူနှင့် ခြောက်ပေအတွင်း) ပါးစပ်နှာခေါင်း စည်းနှင့် လက်အိတ်များ ဝတ်ဆင်ရမည်၊ ဖြစ်နိုင်ပါက ပလတ်စတစ်ရင်ကာ ခါးစည်း(Apron)ကိုလည်း အသုံးပြုနိုင်ပါသည်၊
- လူနာအသုံးအဆောင်ပစ္စည်းများ၊ အသုံးပြုပြီးသော ပါးစပ်နှာခေါင်းစည်းနှင့် လက်အိတ်များ စသည်တို့ကို **0.5% available chlorine** ရရှိစေရန် **Bleaching powder** ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်၃၀ စိမ်ထားရမည်၊ မရှိလျှင် ရေနွေးဖြင့် ပြုတ်လျှော်ရမည်၊
- လူနာပြုစုပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်၊ ဖြစ်နိုင်လျှင် အရက်ပြန် (Alcohol rub) အသုံးပြုနိုင်ပါသည်၊
- လူနာနှင့် အနီးကပ်ပြုစုသူများ၏ ကျန်းမာရေးအခြေအနေကို ကျန်းမာရေးဌာနသို့သတင်းပို့ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်။

● *ကျောဖုံးမှ*

မွေးမြူထုတ်လုပ်

မြန်မာနိုင်ငံသည် ကဏန်းပျော့ မွေးမြူထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ပေါ်ထွက်လာစေရန် မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်များအသင်း၏ ကြိုးပမ်းမှုဖြင့် ၂၀၀၈-၂၀၀၉ခုနှစ်တွင် ကျောက်တန်း ပုစွန်မွေးမြူရေးဇုန်နေရာ၌ ကဏန်းမွေးမြူရေးဇုန်အဖြစ် ၁၀၃၉ဧကေ သတ်မှတ်ပြီး ကဏန်းပျော့များကို မွေးမြူထုတ်လုပ်လျက်ရှိသည်။

ရန်ကုန်မြို့လယ်နှင့် ကျောက်တန်း ကဏန်းမွေးမြူရေးဇုန်မှာ မဝေးလှပါ။ သို့မို့ကြောင့် အသင်းဥက္ကဋ္ဌ ဦးနှင်းဦး၏ စီစဉ်ပေးမှုဖြင့် သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။

တို့ကဏန်းစတင်မွေးမြူပါတယ်၊ စစချင်း ကဏန်းကောင်ရေ နှစ်သိန်းမွေးမြူခဲ့ပြီး တစ်လချင်းတိုးမြှင့်ခဲ့တာ အခုဆို ကောင်ရေ ၁၂သိန်းရှိပါပြီ။ မြေဧက ၄၅၀ ရှိတဲ့အနက် အခုဧက ၂၀၀လောက် မွေးမြူထားပါတယ်။ ထပ်မံတိုးချဲ့ဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်''ဟု ရှင်းပြသည်။

ဈေးကွက်အခြေအနေနှင့်စပ်လျဉ်း၍ ''ဒီစီးပွားရေးလုပ်ငန်းက ကျွန်တော်တို့ တိုင်းရင်းသား လုပ်ငန်းရှင်တွေအတွက် သာမက နိုင်ငံတော်အတွက်ပါ အထောက်အကူပြုပါတယ်။ ရိုးရိုးသာမန်ကဏန်းအဖြစ် မွေးမြူရင် တစ်ကီလိုကို ငွေကျပ် ၁၅၀၀ပဲ ရရှိနိုင်ပါတယ်။ ကဏန်းပျော့အဖြစ် သုံးလခန့် မွေးမြူလိုက်မယ်ဆိုရင် ပြည်ပဈေးကွက်မှာ တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၅ ဒေါ်လာလောက် ရရှိမှာဖြစ်ပါတယ်။ အခုက ပြည်ပဈေးကွက်

စီစဉ်ဆောင်ရွက်

ကွင်းပြောင်ပြောင်များ ကြားတွင် အအေးခန်းစက်ရုံနှင့်ပါ တွဲဖက်ဆောက်ထားသည့်နေရာကား ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက်ဖြစ်သည်။ လုပ်ငန်းရှင်တစ်ဦး ဖြစ်သည့် ဥက္ကဋ္ဌဦးဖေဝင်းက ''ဒီဇုန်ကမူလကတော့ ပုစွန်မွေးမြူရေးဇုန်ပါ၊ ၂၀၀၈ခုနှစ်မှာ ကဏန်းဈေးကွက်က အခွင့်အလမ်း ပိုမိုကောင်းလာတဲ့အတွက် ကဏန်းမွေးမြူရေးဇုန်အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် နိုဝင်ဘာမှာကျွန်တော်

အနေနဲ့က ထိုင်း၊ ဗီယက်နမ်၊ ဂျပန်ဖြစ်ပြီး အခြားဈေးကွက်အဖြစ် အရှေ့အလယ်ပိုင်းဒေသများကိုလည်း တင်ပို့ပါတယ်''ဟု ရှင်းလင်းပြောကြားသည်။

ယင်းနောက်မွေးမြူရေးနှင့်စပ်လျဉ်း၍''ကဏန်းအမာ ဂရမ်၁၀၀ရှိ ကုန်ကြမ်းများကို ဧရာဝတီတိုင်းက လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ စတဲ့ မြို့များက မှာယူပြီး ကဏန်းပျော့အဖြစ် သုံးလခန့်ပြန်မွေးယူရပါတယ်။ မှော်ဝန်းချောင်းကတစ်ဆင့် ရေငန်များကိုသွင်းယူပြီး အခွံချွတ်လို့အရေခွံပျော့ရင် ရေချိုထဲကို ၂၄ နာရီအတွင်း ချက်ချင်းထည့်ရပါတယ်။အခုကဏန်းပျော့သာမက ကဏန်းအမာပါ မွေးမြူထားပါတယ်။ ကဏန်း အမာဆိုတာ ဂရမ် ၁၅၀ အထက်ရှိတဲ့ အရွယ်အစား ဖြစ်ပါတယ်။ ဒီအရွယ်က အပျော့အဖြစ်မွေးဖို့ တွက်ခြေမကိုက်တော့ပါဘူး။ ကဏန်းအမာဈေးကွက်ကတော့ တရုတ်ကို တင်ပို့လို့ရပါတယ်။ မွေးမြူရေးဘက်မှာ မလေးရှားက ပညာရှင် သုံးဦးနဲ့ ပြည်တွင်းက နှစ်ဦးရှိပါတယ်''ဟု ပြောကြားသည်။

အလုပ်အကိုင်

စကားတပြောပြောနှင့် မိမိတို့သည် ကဏန်းမွေးမြူရေးကန်နှင့် တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားသော အအေးခန်းစက်ရုံကိုလည်း လေ့လာခဲ့ပြန်သည်။ မွေးမြူရေးအတွက် ဝန်ထမ်းအင်အား ၅၀၀နှင့် အအေးခန်းစက်ရုံအတွက် ဝန်ထမ်းအင်အား၃၀၀ စုစုပေါင်း ဝန်ထမ်းအင်အား ၈၀၀ဖြစ်ရာဒေသတွင်း သာမကအထက်အညာဒေသနှင့် ဧရာဝတီတိုင်းအပါအဝင် အောက်အကြေဒေသတို့အတွက်ပါ အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

စက်ရုံအတွင်းသို့ ရောက်ရှိရာတွင် ပီဘိ နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံကြီးတစ်ခုအဖြစ် တွေ့မြင်ခဲ့ရပြန်ပါသည်။

ပြည်ပဈေးကွက်တန်းမီ

ဦးဖေဝင်းက ''နိုင်ငံတကာမှာတောင် အခုလိုမွေးမြူတဲ့နေရာနဲ့ အအေးခန်းစက်ရုံ တစ်ဆက်တစ်စပ်တည်းရှိတာ ရှားပါတယ်။ လာမယ့်နှစ်မှာ ဝန်ထမ်းအင်အား ထပ်တိုးချဲ့မှာ ဖြစ်တဲ့အတွက် စုစုပေါင်း ၁၀၀၀ ကျော်ပါလိမ့်မယ်။ ကျွန်တော်တို့စက်ရုံထုတ် ကဏန်းတွေက ပြည်ပဈေးကွက် တန်းမီပါတယ်။ ထုတ်လုပ်မှုအနေနဲ့ တစ်လကို ကဏန်းပျော့တန်၄၀ရှိပါတယ်။ စက်ရုံက ကျွန်တော်တို့ကုမ္ပဏီအတွက်ပဲ ဖြစ်ပါတယ်'' ဟု အကျယ်တဝင့် လိုက်လံရှင်းပြ၍ ကျေးဇူးတင်မိပါသေးသည်။

စတင်မွေးမြူခဲ့

စာရေးသူသည် အချိန်ရခိုက် ဇုန်အတွင်းရှိအောင်မိုးခိုင်ကုမ္ပဏီ၏ ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းသို့လည်း ခေတ္တဝင်ရောက်လေ့လာခဲ့ပါသေးသည်။ ဧကအားဖြင့် ၂၅၆ဧက ကျယ်ဝန်းပြီး လက်ရှိကောင်ရေ ၁၀သိန်း မွေးမြူလျက်ရှိကြောင်း၊ ၂၀၀၇ခုနှစ် ဇွန်လကတည်းက လုပ်ငန်းစတင်ခဲ့ပြီး ကဏန်းကောင်ရေ တစ်သိန်းကို စတင်မွေးမြူခဲ့ကြောင်း သိရသည်။

အခွင့်အလမ်း

ယခုလက်ရှိ ကောင်ရေ ၁၀သိန်း အပြင် ထပ်မံတိုးချဲ့ဦးမည်ဟုဆိုသည်။ ကဏန်းများကို အစာကျွေးသည့်နေရာတွင်ပင် အမျိုးသမီးဝန်ထမ်း အင်အား ၁၀၀ကျော်မျှရှိသည်။ သို့မို့ကြောင့် အဆိုပါ ကဏန်း မွေးမြူရေးဇုန်သည် နိုင်ငံတော်နှင့်တိုင်းရင်းသား လုပ်ငန်းရှင်များအတွက်သာမက ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းကောင်းများကိုပါ ဖော်ဆောင်ပေးနိုင်ပြီဖြစ်၍ များစွာဝမ်းမြောက်ပီတိ ဖြစ်ရကြောင်းပါ။ ။

(သတင်းစဉ်)

''အခုဆို ကောင်ရေ ၁၂သိန်းရှိပါပြီ၊ မြေဧက ၄၅၀ ရှိတဲ့အနက် အခု ဧက ၂၀၀လောက် မွေးမြူထားပါတယ်''

ဦးဖေဝင်း
ဥက္ကဋ္ဌ
ကဏန်းများကမ္ဘာ
စက်မှုလက်မှု ကုမ္ပဏီလီမိတက်။

ကျောက်တန်း ကဏန်းမွေးမြူရေးဇုန်ရှိ ကဏန်းများကမ္ဘာ စက်မှုလက်မှု ကုမ္ပဏီ လီမိတက်၏ နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

ကဏန်းများကမ္ဘာ စက်မှုလက်မှု ကုမ္ပဏီလီမိတက်၌ ကဏန်းပျော့များကို ဤသို့ မွေးမြူထားသည်။ (သတင်းစဉ်)

ကဏန်းမွေးမြူရေးဇုန်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအတွက် သာမက ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းကောင်းများကိုပါ ဖော်ဆောင်ပေးနိုင်ပြီ။

ဧရာဝတီတိုင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီတိုင်းတွင် ဇူလိုင် ၂၃ ရက်အထိ မိုးစပါး ၃၀၁၇၈၇၉ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇူလိုင် ၂၆

နိုင်ငံတကာဆက်ဆံရေးဘာသာရပ် မြတ်ဆရာပူဇော်မည်

နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် (အထက်မြန်မာပြည်)၏ မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၆ရက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဆရာ ဆရာမကြီးများ တက်ရောက်ကြရန်နှင့် ဖုန်း-၀၉-၂၀-၁၄၂၄၂၊ ၀၉-၂၀-၀၂၆၂၉နှင့် ၀၁-၇၀၃၈၁၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဝွမြို့နယ်သူ မြို့နယ်သားများ စုပေါင်းလှူဒါန်းကြမည်

ရန်ကုန်မြို့ရောက် ဝွမြို့နယ်သူမြို့နယ်သားများ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်မွှောရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၉၀၃၀၅၊ ၅၄၈၈၉၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန် အာစရိယပူဇော်ပွဲ

ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ၁၉၆၄ခုနှစ်တွင် တက်ရောက်သင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့် ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၂၃ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ဖုန်း-၅၆၁၆၁၁၊ ၆၂၉၁၆၇နှင့် ၂၉၀၁၉၀တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။

ကျောက်ပန်းတောင်းအသင်း (ရန်ကုန်) စုပေါင်းအလှူ

ကျောက်ပန်းတောင်းအသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို လာမည့်စက်တင်ဘာ၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေတိဂုံတောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမွှောရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၅၉၄၇၂ နှင့် ၅၇၂၁၆၂ တို့သို့ ဆက်သွယ်နိုင်ပြီး အသင်းသူ အသင်းသားများ တက်ရောက်ကြရန် နိုးဆော်ထားသည်။

မုတ်သုံရာသီ အထူးဈေးရောင်းပွဲ ကျင်းပမည်

Mobilemate Telecommunications ကုမ္ပဏီလီမိတက်၏ မုတ်သုံရာသီ အထူးဈေးရောင်းပွဲကို ရန်ကုန်မြို့ရှိ ကက်ပီတယ် ဟိုင်ပါမားကက်၌ ကျင်းပမည့် Mobile Amazing ပြပွဲတွင် ပါဝင်ပြသမည်ဖြစ်ပြီး အဆိုပါပြပွဲကို ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ အသေးစိတ်သိလိုက အခန်းအမှတ် ၄၀၃၊ ရွှေဟသာ်တာဝါ(A) ၆ မိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၄၀၀၊ ၅၀၁၀၆၂ လိုင်းခွဲ ၁၂၁ တို့သို့ ဆက်သွယ်နိုင်သည်။

နက်ဝပ်အင်ဂျင်နီယာသင်တန်းဖွင့်မည်

ဆော့ဖ်ဝဲ အင်ဂျင်နီယာများစွာကို မွေးထုတ်ပေးနေသော Bizsoft သည် Network အင်ဂျင်နီယာသင်တန်းများကို ဇူလိုင် ၂၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ အသေးစိတ်သိလိုက ဖုန်း-၃၈၃၈၇၁၊ ၀၉-၅၀၆၇၁၆၈ တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာ့ရှုခင်းစာအုပ် ထုတ်ဝေဖြန့်ချိ

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့နှင့် မြန်မာ့ရှုခင်းအမည်ရှိ မြန်မာ-အင်္ဂလိပ် ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ဦးသန်းဖေ (ဧည့်လမ်းညွှန်) ရေးသားပြီး ထုတ်ဝေဖြန့်ချိထားရာ အမှတ် ၁၉၈၊ ၃၉ လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၆၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဆေးတက္ကသိုလ် ပညာသင်ဆုလျှောက်နိုင်

ပညာဒါနအလှူရှင် ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မန္တလေး၊ မကွေးရှိ ဆေးတက္ကသိုလ်များ၌ ပညာသင်ခွင့်ရရှိပြီး အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ရွေးချယ်၍ ပညာသင်ဆုချီးမြှင့်မည်ဖြစ်ရာ အမှတ် ၅၀ ကန်ရိပ်သာ ၃ လမ်း Finger Lake FMI City လှိုင်သာယာမြို့နယ် ရန်ကုန်သို့ လာမည့် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားနိုင်သည်။

မျိုးဗီဇမြှင့်ထားသော ငါးမြစ်ချင်းသားပေါက်ဝယ်ယူနိုင်

ငါးမွေးမြူသူများလိုအပ်လျက်ရှိသည့် မျိုးဗီဇမြှင့် မျိုးကောင်းမျိုးသန့် ငါးမြစ်ချင်းသားပေါက်များကို ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်းများ၌ ဇူလိုင်လတတိယပတ်မှစ၍ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် ဖုန်း-၀၁-၂၂၅၅၈၆၊ ၂၁၁၃၈၂နှင့် ၅၅၅၆၁၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

တိုင်းမှူးဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲဆုပေးပွဲနှင့် ဓာတ်ပုံပြပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၀၉ ခုနှစ် တိုင်းမှူးဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက်က ကေတုမတီမြို့သစ် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းတက်ရောက်၍ ဒိုင်းအဖွဲ့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသည့် တောင်ငူတပ်နယ်(က)အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့ For You ဓာတ်ပုံတိုက်၌ကျင်းပသော ဓာတ်ပုံပြပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် ဓာတ်ပုံပြခန်းအတွင်း ခင်းကျင်းပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ တောင်ကြီးမြို့နယ်၌ ကျင်းပ

တောင်ကြီး ဇူလိုင် ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် မွန်းလွဲ ၂နာရီက တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်အေးလွင်၊ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေ၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံဒုရဲမှူးတင်စိုးရှိန်၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မူမူမြင့်၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ အင်အား ၈၀၀တို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်အေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး စစ်ဆေးရေးမှူး(၂)ဦးဇော်ကိုကိုဖေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံဒုရဲမှူး တင်စိုးရှိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောပို့ချခဲ့သည်။ **(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဦးတည်ချက်

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(၂) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊

(၃) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊

(၄) အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

စာကြည့်တိုက်များစံ(၅)ချက်နှင့် ညီရေး မော်လမြိုင်ခရိုင် ပြန်/ဆက် ဦးစီးဌာန၌ ဆွေးနွေး

မော်လမြိုင် ဇူလိုင် ၂၆

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်လှလှဦးသည် ဇူလိုင် ၁၅ရက်က ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဝန်ထမ်းများ အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများဖြစ်ရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေးသည်။ **(အောက်ပုံ)**

ပြန်လည်ဆွေးနွေး

ထို့နောက် တက်ရောက်လာသူများက ကျေးရွာသူကျေးရွာသားများအား စာကြည့်တိုက်များတွင် လေ့လာဖတ်ရှုနိုင်ရေး၊ စာကြည့်တိုက် စာအုပ်တိုးပွားရေးနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

(၂၈-၇-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇း၀၅ တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (မမှည့်ခင် အသီးကင်းလေးတွေနဲ့ မပွင့်ခင် အငုံပန်းကလေးတွေ)
၈း၄၀ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးနီတူခြောက်သုပ်နဲ့ မျှစ်ဆတ်ရွှေဖရုံညွှန့်ဟင်းချို)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (ဖိုးကာ)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တူယှဉ်သီကြွေးစုံတွဲတေး
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း (သစ်တောတက္ကသိုလ်) တေးပဒေသာ
၁၂း၄၀ ဟဒယရွှင်ဆေး (လူရွှင်တော် ကမ္ဘာကျော်နှင့်အဖွဲ့၏ ဟဒယ)
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ပဋ္ဌမတန်း-သမိုင်း) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာအလှကမ္ဘာ (ဆံပင်ပျက်စီးခြင်း)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေလှမ်းမိတ်ဆွေ (၁)သီလရှင်ကျင့်ဖွယ် အသွယ်သွယ် ဘဒ္ဒန္တဝါယမ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (၂) The best မဂ္ဂဇင်း (၁၀)နှစ်ပြည့် တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (မေမေညာတယ်) တေးပဒေသာ **နိုင်ငံရေးဦးတည်ချက်**
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး (ချစ်သူ့လက်ဆောင် Vol-2) **စီးပွားရေးဦးတည်ချက်** တေးပဒေသာ
၂၁း၀၀ ခံစားနားဆင်တေးဂန္ထဝင် **လူမှုရေးဦးတည်ချက်**
၂၁း၂၀ ညချမ်းချိန်ခါတေးပဒေသာ အဖိတ်နေ့နှိုးဆော်ချက်
၂၂း၀၀ အစီအစဉ်ပြီး၏။

စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဒဂုံမြို့နယ်၌ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းသန်းဌေးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၄ရက်က ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ရှင်သန်ခိုင်မာပြီး စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် စာအုပ်များတိုးပွားရေး၊ စာငှားကတ်စနစ်ထိရောက်စွာကျင့်သုံးနိုင်ပြီး စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်မြောက်ရေး ဆွေးနွေးခဲ့ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောဉာဏ်လင်းထက်က လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပ

ရမ်းဗြဲ ဇူလိုင် ၂၆

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် စုပေါင်းကုသိုလ်ပြု လှူဒါန်းပွဲကို ဇူလိုင် ၅ရက်က ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးချမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးသန်းနိုင်က အသင်း၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး**(ယာပုံ)** တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်အေးက လှူဒါန်းပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ နာယကများ၊ အလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းကြသည်။ **(မြို့နယ်အသင်း)**

ရေနံချောင်းစည်ပင် ရေပိုက်လိုင်းများပြုပြင်

ရေနံချောင်း ဇူလိုင် ၂၆

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများအား သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေးအတွက် ရပ်ကွက်အလိုက် ရေပိုက်ဆေးကြောပြုပြင်ခြင်း၊ လိုအပ်သောနေရာများတွင် မိန်းဘားအသစ်များ တပ်ဆင်ခြင်းဖြင့် မြို့ရေလုံလောက်စွာရရှိရေး ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမြင့်လွင်မှ ၂၀ရက်က ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည်။ *(၀၇၆)*

ရေစကြို မြို့မဈေး သန့်ရှင်းရေးစစ်ဆေး

ရေစကြို ဇူလိုင် ၂၆

မကွေးတိုင်း ရေစကြိုမြို့ မြို့မဈေးကြီး ၁-၂အတွင်းအပြင်ရှိ ရောင်းချနေကြသော စားသောက်ဆိုင်များသို့ ဇူလိုင် ၉ ရက်က စည်ပင်အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း ဦးဆောင်သော ဝန်ထမ်းများက အမှိုက်သရိုက်များ စွန့်ပစ်နေရာများတွင် စည်းကမ်းတကျစွန့်ပစ်ရေး၊ အစားအစာများ အဖုံးအအုပ်များဖြင့် ဖုံးအုပ်ရောင်းချရေး၊ သန့်ရှင်းစွာရှိရေးနှင့် ဈေးစည်းကမ်းလိုက်နာရေး စည်းရုံးဟောပြောဆောင်ရွက်သည်။ ***(၀၆၉)***

ပုတာအိုတွင် သစ်ပင်စိုက်ပွဲကျင်းပ

ပုတာအို ဇူလိုင် ၂၆

ပုတာအိုခရိုင် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၃ ရက်က စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ပုတာအိုမြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၁၅၀ခန့်တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးကြသည်။ *(ခရိုင် ပြန်/ဆက်)*

အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ပေါင်းစပ်

စိုးမြကျော်

ကျော်။ ။ဘကြီးနဲ့ ကမ္ဘာ့အရေး၊ နိုင်ငံတကာအရေးတွေ မဆွေးနွေးဖြစ်၊ မပြောဖြစ်တာလည်း ကြာခဲ့ပြီ ဘကြီးရဲ့၊ အခုတော့ ဆွေးနွေးမေးမြန်းစရာလေးတွေ များလာလို့ လာခဲ့တာ။ ဒါနဲ့ အခုတလော ပြည်ပအသံလွှင့်ဌာနတွေ၊ ပြည်တွင်းက နိုင်ငံရေးသမားအမည်ခံ တချို့တွေက မြန်မာနိုင်ငံကို လာသွားတဲ့ ဘန်ကီမွန်းရဲ့ခရီးစဉ်ကို မအောင်မြင်ဘူးလို့ ဝေဖန်တာတွေ အတော်များနေတာကို တွေ့ရတယ်။ အဲဒါ ဘကြီးရဲ့ သဘောထားလေး ပြောပါဦး။

စိုး။ ။တကယ်တော့ မြန်မာနိုင်ငံကို နိုင်ငံခေါင်းဆောင်တစ်ဦး၊ ဒါမှမဟုတ် မစ္စတာဘန်ကီမွန်းလို နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုက ခေါင်းဆောင်တစ်ဦး လာလည်ချင်တယ်ဆိုရင် အိမ်ရှင်နိုင်ငံရဲ့ ဖိတ်ကြားမှုရဖို့ လိုတယ်ကွယ့်။ အဲဒီလို ဖိတ်ကြားပြီးမှ ခရီးစဉ်အတွင်းမှာ ဘာတွေလုပ်မှာလဲ၊ ဘာတွေဆွေးနွေးကြမှာလဲဆိုတာကို နှစ်ဖက်တာဝန်ရှိသူတွေကြားမှာ အပြန်ပြန် အလှန်လှန် ညှိနှိုင်းသဘောတူပြီးမှ လာရောက်လည်ပတ်ကြရတာဖြစ်တယ်။ **ဘန်ကီမွန်းခရီးစဉ်နဲ့ ပတ်သက်ပြီး ဘယ်သူတွေနဲ့ တွေ့နိုင်မယ်၊ ဘယ်သူတွေနဲ့ တွေ့ဖို့ကတော့ အဆင်မပြေနိုင်ဘူး စသည်ဖြင့် အားလုံးကို ကြိုတင်ညှိနှိုင်းသဘောတူပြီးသားဖြစ်တယ်။ ဒီအစီအစဉ်တွေကို ဘန်ကီမွန်းကိုယ်တိုင်က သဘောတူလို့ လာရောက်လည်ပတ်ခဲ့တယ်။ အကြီးအကဲများနဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေး၊ အမြင်ချင်းဖလှယ်ခွင့် ရခဲ့တယ်။ ကြိုတင်သဘောတူထားတဲ့ အစီအစဉ်တွေအတိုင်း လုပ်ဆောင်ခွင့်ရရုံမက နိုင်ငံတော်အကြီးအကဲက ဘန်ကီမွန်းရဲ့ မေတ္တာရပ်ခံချက်ကို အလေးထားတဲ့အနေနဲ့ ရှားရှားပါးပါး နှစ်ကြိမ်တောင် လက်ခံတွေ့ဆုံခဲ့တယ် မဟုတ်လား။ ဒါတွေကိုကြည့်ရင် ဒီခရီးစဉ်ဟာ မြန်မာနိုင်ငံရဲ့ ဧည့်ဝတ်ကျေပွန်မှု၊ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်လိုမှုတွေကို အခိုင်အမာ သက်သေထူလိုက်တဲ့ ခရီးစဉ်၊ အောင်မြင်တဲ့ ခရီးစဉ်လို့ ဘကြီးကတော့ ရဲရဲကြီး ဆိုချင်တာပဲ။**

မြ။ ။အိုကွယ် မောင်ကျော်ရယ်။ ငါတို့အပြင်လောကမှာတောင် သူများအိမ် သွားလည်ရင် အိမ်ရှင်မျက်နှာကြည့်ရသေး မဟုတ်လား။ နောက်ပြီး ဧည့်ဝတ်ကျေတယ်ဆိုတာက ဧည့်သည် တောင်းသမျှ ပေးတာမဟုတ်ဘူးလေကွယ်။ ကိုယ့်အတိုင်းအတာနဲ့ကိုယ် ဧည့်သည်ကို လိုက်လျောပြုစုရတာ မဟုတ်လား။ အခုဟာက သူတို့ လိုရာဆွဲပြီး ပြောနေတာပါကွယ်။

ကျော်။ ။သူတို့ကတော့ မစ္စတာဘန်ကီမွန်းက မြန်မာ့အရေးကို ဖြေရှင်းဖို့ အထွေထွေညီလာခံကဆိုလား တာဝန်ပေးထားလို့ သူလိုချင်တာတွေ၊ သူတောင်းဆိုခဲ့တာတွေအားလုံးကို လိုက်လျောရမယ်လို့ ပြောနေပါလား။ ကုလသမဂ္ဂက ကျွန်တော်တို့ နိုင်ငံကိစ္စကို အဲဒီလိုဝင်လုပ်လို့ ရပ့ါမလား။

အောင်မြင်တဲ့ခရီးစဉ်

ဘန်ကီမွန်း ခရီးစဉ်နဲ့ပတ်သက်ပြီး ဘယ်သူတွေနဲ့ တွေ့နိုင်မယ်၊ ဘယ်သူတွေနဲ့တွေ့ဖို့ကတော့ အဆင်မပြေနိုင်ဘူး စသည်ဖြင့် အားလုံးကို ကြိုတင်ညှိနှိုင်းသဘောတူပြီးသားဖြစ်တယ်။ ဒီအစီအစဉ်တွေကို ဘန်ကီမွန်းကိုယ်တိုင်က သဘောတူလို့ လာရောက်လည်ပတ်ခဲ့တယ်။ အကြီးအကဲများနဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေး၊ အမြင်ချင်းဖလှယ်ခွင့်ရခဲ့တယ်။ ကြိုတင်သဘောတူထားတဲ့ အစီအစဉ်တွေအတိုင်း လုပ်ဆောင်ခွင့်ရရုံမက နိုင်ငံတော်အကြီးအကဲက ဘန်ကီမွန်းရဲ့မေတ္တာရပ်ခံချက်ကို အလေးထားတဲ့အနေနဲ့ ရှားရှားပါးပါး နှစ်ကြိမ်တောင် လက်ခံတွေ့ဆုံခဲ့တယ်မဟုတ်လား။ ဒါတွေကိုကြည့်ရင် ဒီခရီးစဉ်ဟာ မြန်မာနိုင်ငံရဲ့ဧည့်ဝတ်ကျေပွန်မှု၊ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်လိုမှုတွေကို အခိုင်အမာ သက်သေထူလိုက်တဲ့ ခရီးစဉ်၊ အောင်မြင်တဲ့ ခရီးစဉ်လို့ ဘကြီးကတော့ ရဲရဲကြီး ဆိုချင်တာပဲ။

စိုး။ ။မင်းမေးခွန်းကို မဖြေခင် ကုလသမဂ္ဂကို ဘာအတွက် ဖွဲ့ထားတယ်ဆိုတာ အရင်ပြောရလိမ့်မယ် မောင်ကျော်ရေ၊ **ဒုတိယကမ္ဘာစစ်ပြီးတော့ နောက်တစ်ခါ ကမ္ဘာစစ်ကြီးမဖြစ်အောင် တားဆီးဖို့၊ နိုင်ငံအချင်းချင်း ကြီးနိုင်ငယ်ညှဉ်းလုပ်တာတွေ မရှိဖို့၊ နိုင်ငံတကာ ပြဿနာတွေကို အင်အားမသုံးဘဲ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းနိုင်ဖို့ဆိုပြီး ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့ခဲ့တာကွယ့်။ ဒါကြောင့်လည်း ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာ အဖွဲ့ကြီးရဲ့ ရည်မှန်းချက်တွေကို ဖော်ပြတဲ့အခါ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိုထိန်းသိမ်းဖို့၊ နိုင်ငံအားလုံး တန်းတူရည်တူအခွင့်အရေးများနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိခြင်း အခြေခံမူတွေကို လေးစားပြီး နိုင်ငံများအချင်းချင်း ချစ်ကြည်စွာ ဆက်ဆံဖို့ဆိုတဲ့ အချက်နှစ်ချက်ကို ဖော်ပြထားတာပေါ့။**

ကျော်။ ။ဟုတ်ပါပြီ ဘကြီး။ ဒါဆိုရင် ကျွန်တော်တို့နိုင်ငံကို အခုလိုတောင်းဆိုချက်တွေ ဘာတွေနဲ့ လုပ်လို့ရော ရသလား။

စိုး။ ။အရှင်းဆုံးပြောရရင်တော့ မရဘူးလို့ တစ်ခွန်းတည်း ပြောရမှာပဲ။ **ကုလသမဂ္ဂက နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်စေတယ်ဆိုတဲ့ ကိစ္စများမှာပဲ ဝင်ရောက် ကူညီဖြေရှင်းခွင့်ရှိတယ်ကွယ့်။ ပဋိညာဉ်စာတမ်းမှာ ဖော်ပြထားတဲ့ ကုလသမဂ္ဂရဲ့ အခြေခံမူတွေထဲမှာ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ အချုပ်အခြာအာဏာဟာ တန်းတူဖြစ်တယ်ဆိုတဲ့ အချက်ရယ်၊ ကုလသမဂ္ဂအနေနဲ့ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးသက်သက်ဖြစ်သော ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခွင့် အာဏာကို ပဋိညာဉ်စာတမ်းပါ မည်သည့်အရာကမှ ပေးအပ်ခြင်းမရှိစေရလို့ အတိအလင်း ဖော်ပြထားတာရယ်ကို ထောက်လိုက်ရင် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်တဲ့ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးကိစ္စမှာ ဘယ်အဖွဲ့အစည်း၊ ဘယ်နိုင်ငံကမှ လာပြီး အမိန့်ပေးလို့ မရဘူး၊ ပြောပိုင်ခွင့်မရှိဘူးဆိုတာ ထင်ရှားနေတာပဲကွယ့်။** ခွင့်လွှတ် မောင်ကျော်ရေ။ ဘကြီးလည်း အချိုးမကျတာတွေ မြင်ရတာများတော့ ပြောရင်းနဲ့ ဒေါသ ပါသွားသကွယ့်။

မြ။ ။ဒါဆိုရင် အခုမစ္စတာဘန်ကီမွန်းက သူ့အနေနဲ့ တောင်းဆိုချက် သုံးခုတောင်းတယ်။ ဒါကို မြန်မာအစိုးရက လိုက်နာမှုရှိ မရှိ စောင့်ကြည့်ရမယ်လို့ ပြောနေတာက ကျွန်မတို့ ပြည်တွင်းရေးကို ဝင်စွက်ဖက်နေတာပေါ့နော် ကိုစိုး။

စိုး။ ။ဒါက ဒီလိုရှိတယ် မြရဲ့။ မိတ်ဆွေချင်း၊ လုပ်ဖော်ကိုင်ဖက်ချင်းအနေနဲ့ဖြစ်ဖြစ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အနေနဲ့ ဖြစ်ဖြစ် သူ့ရဲ့ အမြင်တွေ၊ သဘောထားတွေ၊ အကြံပြုချက်တွေကိုတော့ ပေးလို့ ပြောလို့ရတာပေါ့။ နိုင်ငံတော်အနေနဲ့က လည်း မိမိနိုင်ငံအခြေအနေနဲ့ သင့်တော်တယ်၊ လုပ်သင့်တယ်၊ လုပ်ဖို့လည်းအခြေအနေပေးတယ်၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို မထိခိုက်ဘူးဆိုရင် ဒီအကြံဉာဏ်တွေကို သင့်တော်သလို သုံးမှာပေါ့။ ဒါပေမယ့် လက်အောက်ခံနိုင်ငံတစ်ခုလို သဘောထားပြီး ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားလို့ အမိန့်ပေးလို့တော့ ဘယ်ရမလဲကွယ်။ ကိုစိုး အထင်တော့ ဘန်ကီမွန်းလို အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်နေသူတစ်ဦးဟာ ဒါတွေ

ကို သိပြီးဖြစ်မှာပါ။ အခုဟ
တာပဲဖြစ်မှာပါ။ ဘေးက ဆ
ကသာ သာမန်ပြည်သူတွေ
ပုံကြီးချဲ့ လုပ်ကြံပြောနေတ

ကျော်။ ။ဒီလိုဆိုရင်တော့ အတိုင်းထ
ရယ်။ ကျွန်တော်တို့ နိုင်ငံက
ကုလသမဂ္ဂနဲ့ ပူးပေါင်းဆော
လား။ ဒါပေမယ့် ကိုယ့်အ
ပြည်တွင်းရေးကို ဝင်စွက်ဖ
နိုင်ပ့ါမလဲ။

မြ။ ။နေပါဦး။ လုံခြုံရေးကောင်စီ
ပြောနေကြတာတွေကရော။

စိုး။ ။စောစောကပြောတဲ့အထဲမှာ
သက်ဖြစ်တဲ့ ကိစ္စရပ်တွေမှာ
ဝင်ရောက်စွက်ဖက်ခွင့် မရှိ
ဒီနေ့ တို့နိုင်ငံပြည်တွင်းရေး
ကြိုးကိုင်လို့ရမယ့်လူကို နန်း
နိုင်ငံကြီးတွေက ဒါကို သိတ
မြန်မာနိုင်ငံအရေးဟာ ဒေသ
လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို
တယ်လို့ အတင်းဆွဲယူပြီး
ဆွေးနွေးဖို့၊ ဆုံးဖြတ်ဖို့ ကြိ

မြ။ ။ဒါကတော့ သက်သက် မတ
တခြားမကြည့်နဲ့ ၈၈ မတိုင်ခင်
အခုအခြေအနေ ယှဉ်ကြည့်ပ
ရန်ကြောင့် ကျီးလန့်စာစား
အခု ဘယ်လောက်ငြိမ်းချမ်း
တောင် ဘာမှမပြောခဲ့ဘဲ
ဘယ်အခါကနဲ့မှ မတူအေ
လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေး
ပါတယ်ဆိုတော့ ရယ်လိုက်
လို့သာ ဆိုလိုက်ချင်တော့တ
မောင်ကျော်။

ကျော်။ ။ဟုတ်တယ်ကြီးကြီးရေ၊ တစ်
အီရတ်ကို ကိုယ့်သဘောနဲ့က
ထက်ထိ လူတွေသောက်သေ
မှာ လေယာဉ်နဲ့ ဗုံးကြဲလို့ က
သေနေတာတွေကြတော့ တစ်
ကျွန်တော်တို့လို နိုင်ငံ
အမျိုးမျိုးပြောနေတာတွေ
ကုလသမဂ္ဂကြီးမှာ မူလရည်
သွားပြီလားလို့တောင် ထင်

စိုး။ ။**ကုလသမဂ္ဂပဋိညာဉ်စာတမ်း
လိုက်နာကြရင်တော့ ဒီလို ဘ
ပဋိညာဉ်စာတမ်းအပိုဒ် ၁၀
ချုပ်နဲ့ သူ့ရုံးဝန်ထမ်းတွေဟာ
တဲ့နေရာမှာ ဘယ်နိုင်ငံ၊ ဘယ
ချက်ကိုမှ လက်မခံရဘူး။
လည်း အတွင်းရေးမှူးချုပ်နဲ့
လုပ်ငန်းတွေအပေါ်မှာ ဩ
မလုပ်ရဘူးလို့ အတိအကျ
ဒါပေမယ့် လက်တွေ့ကျတေ
က ဘာတွေတောင်းဆိုရမ
မယ်။ ဒါတွေမရရင် အောင
မှတ်ဘူး စသည်ဖြင့် ပြောနေ
တို့လည်း တွေ့နေရတာပဲ**

ကျော်။ ။ဒါဆိုလည်း ဘကြီးရယ်၊
တွေက ပဋိညာဉ်စာတမ်းအ
လိုက်နာဖို့ကောင်းတာပေါ့။
ဆိုတာက ကျွန်တော်တို့ နိုင်
ရာ မဟုတ်ပေဘူးလား။ စဖွဲ
ငယ်ညှဉ်း အနိုင်ကျင့်တာ
ဆိုခဲ့တယ်မဟုတ်လား။

27-7 (08).pmd 1 7/27/2009, 2:20 AM

ကို သိပြီးဖြစ်မှာပါ။ အခုဟာကလည်း အကြံပြုတာပဲဖြစ်မှာပါ။ ဘေးက ဆန့်ကျင်ဘက်အဖွဲ့တွေကသာ သာမန်ပြည်သူတွေ နားလည်မှုလွဲအောင် ပုံကြီးချဲ့ လုပ်ကြံပြောနေတာထင်ပါရဲ့။

ကျော်။ ။ဒီလိုဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ ဘကြီးရယ်။ ကျွန်တော်တို့ နိုင်ငံကလည်း အစဉ်တစိုက် ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာပဲ မဟုတ်လား။ ဒါပေမယ့် ကိုယ့်အချုပ်အခြာအာဏာနဲ့ ပြည်တွင်းရေးကို ဝင်စွက်တာတော့ ဘယ်လက်ခံနိုင်ပါ့မလဲ။

မြ။ ။နေပါဦး။ လုံခြုံရေးကောင်စီက အရေးယူဖို့ဆိုပြီး ပြောနေကြတာတွေကရော။

စိုး။ ။စောစောကပြောတဲ့အထဲမှာ ပြည်တွင်းရေး သက်သက်ဖြစ်တဲ့ ကိစ္စရပ်တွေမှာ ဘယ်အကြောင်းနဲ့မှ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူးလို့ ပါတယ်လေ။ ဒီနေ့ တို့နိုင်ငံပြည်တွင်းရေးကို ဝင်စွက်ပြီး သူတို့ ကြိုးကိုင်လို့ရမယ့်လူကို နန်းတင်ဖို့ ကြိုးစားနေတဲ့ နိုင်ငံကြီးတွေက ဒါကို သိတယ်။ ဒါ့ကြောင့်လည်း မြန်မာနိုင်ငံအရေးဟာ ဒေသတွင်းနဲ့ နိုင်ငံတကာ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေပါတယ်လို့ အတင်းဆွဲယူပြီး လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့၊ ဆုံးဖြတ်ဖို့ ကြိုးစားနေတာပေါ့။

မြ။ ။ဒါကတော့ သက်သက် မတရားစွပ်စွဲတာပါတော်။ တခြားမကြည့်နဲ့ ၈၈ မတိုင်ခင်တုန်းက အခြေအနေနဲ့ အခုအခြေအနေ ယှဉ်ကြည့်ပါဦး။ သောင်းကျန်းသူရန်ကြောင့် ကျီးလန့်စာစားနေခဲ့ရတဲ့ နယ်တွေမှာ အခု ဘယ်လောက်ငြိမ်းချမ်းနေပြီလဲ။ ဟိုတုန်းကတောင် ဘာမှမပြောခဲ့ဘဲ အခုလို ဘယ်ခေတ်ဘယ်အခါကနဲ့မှ မတူအောင် အေးချမ်းနေမှ လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေပါတယ်ဆိုတော့ ရယ်လိုက်ရတာ ဖတ်ဖတ်မောလို့သာ ဆိုလိုက်ချင်တော့တယ်၊ မဟုတ်ဘူးလား မောင်ကျော်။

ကျော်။ ။ဟုတ်တယ်ကြီးကြီးရေ၊ တစ်ခါတလေတော့လည်း အီရတ်ကို ကိုယ့်သဘောနဲ့ကိုယ် ဝင်တိုက်၊ အခုထက်ထိ လူတွေသောက်သောက်လဲသေ၊ အာဖဂန်မှာ လေယာဉ်နဲ့ ဗုံးကြဲလို့ ကလေးငယ်တွေ ရာနဲ့ချီသေနေတာတွေကြတော့ တစ်ခွန်းမှ လေသံမဟဘဲ ကျွန်တော်တို့လို နိုင်ငံလေးတွေကို ကျတော့ အမျိုးမျိုးပြောနေတာတွေ ကြားနေရတော့လည်း ကုလသမဂ္ဂကြီးမှာ မူလရည်ရွယ်ချက်တွေ ပျောက်သွားပြီလားလို့တောင် ထင်မိပါရဲ့။

စိုး။ ။**ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာ ပါတဲ့အတိုင်း လိုက်နာကြရင်တော့ ဒီလို ဘယ်ဖြစ်ပါ့မလဲကွယ်။ ပဋိညာဉ်စာတမ်းအပိုဒ် ၁၀၀ မှာ အတွင်းရေးမှူးချုပ်နဲ့ သူ့ရုံးဝန်ထမ်းတွေဟာ တာဝန်ထမ်းဆောင်တဲ့နေရာမှာ ဘယ်နိုင်ငံ၊ ဘယ်အစိုးရရဲ့ ညွှန်ကြားချက်ကိုမှ လက်မခံရဘူး။ အဖွဲ့ဝင်နိုင်ငံတွေကလည်း အတွင်းရေးမှူးချုပ်နဲ့ သူ့ရုံးဝန်ထမ်းတွေရဲ့ လုပ်ငန်းတွေအပေါ်မှာ ဩဇာလွှမ်းမိုးနိုင်အောင် မလုပ်ရဘူးလို့ အတိအကျ ပြဋ္ဌာန်းထားသကွယ့်။ ဒါပေမယ့် လက်တွေ့ကျတော့ အတွင်းရေးမှူးချုပ်က ဘာတွေတောင်းဆိုရမယ်။ ဘာတွေ ပြောရမယ်။ ဒါတွေမရရင် အောင်မြင်တယ်လို့ မသတ်မှတ်ဘူး စသည်ဖြင့် ပြောနေတာတွေ မောင်ကျော်တို့လည်း တွေ့နေရတာပဲ မဟုတ်လား။**

ကျော်။ ။ဒါဆိုလည်း ဘကြီးရယ်၊ ကုလသမဂ္ဂ အရာရှိတွေက ပဋိညာဉ်စာတမ်းအတိုင်း တိတိကျကျ လိုက်နာဖို့ကောင်းတာပေါ့။ ကုလသမဂ္ဂအဖွဲ့ကြီးဆိုတာက ကျွန်တော်တို့ နိုင်ငံငယ်တွေရဲ့ အားကိုးရာ မဟုတ်ပေဘူးလား။ စဖွဲ့ကတည်းက ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်တာတွေကို ကာကွယ်ဖို့လို့ ဆိုခဲ့တယ်မဟုတ်လား။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စ

ကုလသမဂ္ဂက နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်စေတယ်ဆိုတဲ့ ကိစ္စများမှာပဲ ဝင်ရောက် ကူညီဖြေရှင်းခွင့် ရှိတယ်ကွယ့်။ ပဋိညာဉ်စာတမ်းမှာ ဖော်ပြထားတဲ့ ကုလသမဂ္ဂရဲ့ အခြေခံမူတွေထဲမှာ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ အချုပ်အခြာအာဏာဟာ တန်းတူဖြစ်တယ်ဆိုတဲ့ အချက်ရယ်၊ ကုလသမဂ္ဂအနေနဲ့ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးသက်သက်ဖြစ်သော ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခွင့်အာဏာကို ပဋိညာဉ်စာတမ်းပါ မည်သည့်အရာကမှ ပေးအပ်ခြင်းမရှိစေရလို့ အတိအလင်း ဖော်ပြထားတာရယ်ကို ထောက်လိုက်ရင် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး ကိစ္စဖြစ်တဲ့ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးကိစ္စမှာ ဘယ်အဖွဲ့အစည်း၊ ဘယ်နိုင်ငံကမှ လာပြီး အမိန့်ပေးလို့မရဘူး၊ ပြောပိုင်ခွင့်မရှိဘူး ဆိုတာ ထင်ရှားနေတာပဲကွယ့်။

စိုး။ ။လက်တွေ့မှာတော့ အဲဒီလို ပြတ်ပြတ်သားသား မကျင့်သုံးရဲအောင် ချုပ်ကိုင်ထားတာတွေလည်း ရှိနိုင်တာပေါ့ မောင်ကျော်ရေ။ ဥပမာ-ကုလသမဂ္ဂအဖွဲ့ရဲ့ လုပ်ငန်းတွေလုပ်ဖို့ ရန်ပုံငွေအများဆုံး ထည့်နေတာက အင်အားကြီးနိုင်ငံတွေ၊ လုံခြုံရေးကောင်စီမှာ ဗီတိုအာဏာကိုင်ထားတာက အင်အားကြီးနိုင်ငံတွေ၊အတွင်းရေးမှူးချုပ် ရွေးတာကတောင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတွေက သဘောတူမှ ဖြစ်နိုင်တာမဟုတ်လား။

မြ။ ။ဟုတ်ပါရဲ့။ တစ်လောက သတင်းစာထဲမှာ မြတွေ့လိုက်တယ်။ အမေရိကန်က ကုလသမဂ္ဂကို ထည့်ရမယ့် ရန်ပုံငွေကို မထည့်ဘဲ ထားတာ တစ်ဘီလီယံကျော် ရှိတယ်ဆိုလား။

စိုး။ ။သိပ်မှန်တာပေါ့ မြရေ။ ထည့်ဝင်ဖို့ ငွေမရှိတာလည်း မဟုတ်ဘဲနဲ့ အင်အားကြီးနိုင်ငံဆိုတော့ ဒါနဲ့ချုပ်ကိုင်ပြီး သူဖြစ်ချင်တာကို လိုက်လျောအောင်၊ သူ့ကို မဆန့်ကျင်နိုင်အောင် အနုနည်းနဲ့ အကျပ်ကိုင်တဲ့သဘော ဖြစ်မှာပေါ့။

ကျော်။ ။ဘကြီးပြောမှ စဉ်းစားမိတယ်။ ဂါဇာကမ်းမြောင်မှာ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းမှာ စစ်ဆင်ရေးလုပ်နေတာတွေ၊ ဖမ်းဆီးနေတာတွေနဲ့ပတ်သက်ပြီး လုံခြုံရေးကောင်စီမှာ ဆွေးနွေးတိုင်း အမေရိကန်က ဗီတိုအာဏာနဲ့ ပယ်ချနေတာပဲ။

စိုး။ ။အမလေး မောင်ကျော်ရယ်။ အဲဒီလောက် ဝေးဝေးသွားမကြည့်ပါနဲ့ဦး။ အီရတ်ကို အမေရိကန်က လုံခြုံရေးကောင်စီ ခွင့်ပြုချက်မယူဘဲ သူ့သဘောနဲ့ သူဝင်တိုက်တာ၊ ဂွာတာနာမိုမှာ ရာနဲ့ချီတဲ့ အကျဉ်းသားတွေကို ရုံးမတင်ဘဲ ဖမ်းဆီးနှိပ်စက်နေတာတွေတောင် အတွင်းရေးမှူးချုပ်ရုံးက ကြည့်နေရတာပဲ မဟုတ်လား။

ကျော်။ ။ဘကြီး ရှင်းပြမှပဲ မစ္စတာဘန်ကီမွန်း ခရီးစဉ်နဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း နားလည်တော့တယ်။ တကယ်တော့ အဲဒီလို အဓိကကျလှတဲ့ ကိစ္စကြီးတွေမှာတောင် ဘာမှမပြော မဝေဖန်ဘဲ ရေငုံနှုတ်ပိတ်နေကြပြီး အစွမ်းကုန်လိုက်လျော ပူးပေါင်းဆောင်ရွက်ပေးတဲ့ ကျွန်တော်တို့နိုင်ငံ ခရီးစဉ်ကိုတော့ မအောင်မြင်ဘူးလို့ ပြောနေတဲ့သူတွေက အခြေအနေမှန်ကို မသိချင်ယောင်ဆောင်ပြီး ပြည်သူတွေ နားလည်မှုလွဲအောင် ပြောနေတာဆိုတာ အခုတော့ ထင်ရှားသွားပါပြီ။

စိုး။ ။**တကယ်တော့ ဒီနေ့ မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးက ရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုတွေကို ဆက်ထိန်းပြီး ၂၀၁၀ ရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့ပဲကွယ့်။ ဒါကို ကုလသမဂ္ဂက နားလည်ပြီး ငါတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ ပါဝင်ကူညီ ဆောင်ရွက်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့ကွယ်။** ဒီလိုမဟုတ်ဘဲ သူများ ဖိအားပေးတာတွေကြောင့် ပဋိညာဉ်စာတမ်းနဲ့ မကိုက်ညီတဲ့ အလုပ်တွေကို လိုက်လုပ်နေရင်တော့ ဒီအဖွဲ့ကြီးရဲ့အခန်းကဏ္ဍ တစ်မျိုးတစ်ဖုံ ဖြစ်သွားလိမ့်မယ်လို့ ဘကြီး ထင်မိတာပဲ။

မြ။ ။ကဲ-ပြောရတာလည်း မောပေါ့။ ရေနွေးကြမ်းနဲ့ ဆတ်သားခြောက်ဖုတ်လေးနဲ့ စားကြဦး။ မောင်ကျော်ကလည်း မင်းဘကြီးပြောတာတွေကို မှတ်ပြီး မိတ်ဆွေတွေကို ရှင်းပြကွယ့်။ ဒါမှလည်း လူတိုင်းက ရှေ့ဆက်ရမယ့်လမ်းကို သိမှာ။ မဟုတ်ရင် သူများပြော ဟုတ်နိုးနိုးနဲ့ လမ်းပျောက်နေလိမ့်မကွယ့်။

ကျော်။ ။ဟုတ်ကဲ့ပါ ကြီးကြီးရဲ့။ အဲဒီလိုရှင်းပြချင်လို့လည်း ဘကြီးဆီကို လာခဲ့တာပါ။ အခုတော့ ကုလသမဂ္ဂပဋိညာဉ်မှာ ဘယ်လိုပါတယ်ဆိုတာ သိလာတော့ မစ္စတာဘန်ကီမွန်းရဲ့ လုပ်ဆောင်ချက်တွေဟာ အဲဒီပဋိညာဉ်နဲ့ ညီရဲ့လားဆိုတာတောင် စဉ်းစားစရာ ဖြစ်နေပြီလေ။ ဒါ့အပြင် ဒီလိုပြောနေ၊ လုပ်နေတာတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာ မရောက်ပေဘူးလား။ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ခြိမ်းခြောက်ရာ မရောက်ပေဘူးလား။ တကယ့်ကို စဉ်းစားစရာတွေရခဲ့ပါပြီ ကြီးကြီးမြရေ။

စိုး။ ။သိပ်လည်း စဉ်းစားမနေပါနဲ့ မောင်ကျော်ရေ။ စေ့စေ့တွေး ရေးရေးပေါ် ဆိုသလိုပေါ့။ အဖြေက ရှင်းနေပြီးသား မဟုတ်လားကွယ့်။ ဘာပဲဖြစ်ဖြစ် မင်းတို့ ငါတို့ ပြည်သူအားလုံးကတော့ အရာရာကို အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ ပေါင်းစပ်ကျင့်သုံးဆောင်ရွက်သွားရမှာပဲ မဟုတ်လား။

ကျော်။ ။သိပ်ပြီး အဖိုးတန်တဲ့စကားပါပဲ ဘကြီးရယ်။ **အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ ပေါင်းစပ်နိုင်မှသာ ကျွန်တော်တို့ရဲ့ အနာဂတ်ခရီးလမ်းဟာ ဖြောင့်တန်းချောမွေ့ပြီး ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံး မျက်မှောက်ပြုနိုင်မှာ အမှန်ပါပဲ။** ကျေးဇူးတင်ပါတယ် ဘကြီးနဲ့ ကြီးကြီးတို့ခင်ဗျား။ ။

● ရွှေဖုံးမှ

နောက်နေ့နံနက်၌ မြန်မာ့အလင်းအဖွဲ့သည် လင်ပန်းရေလှောင်တမံသို့ရောက်ရှိပြီး သိလိုသမျှကို တည်ဆောက်ရေး(၄)မှ ဦးစီးအရာရှိ ဦးဝင်းထိုက်က ရှင်းပြသည်။ လင်ပန်းရေလှောင်တမံ မြေဖို့ခြင်းလုပ်ငန်းကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဓိကမှာ ဤဒေသရှိမြေကြီးအမျိုးအစားမှာ ရေတွင် လျင်မြန်စွာ ပျော်ဝင်နိုင်သော မြေကြီးအမျိုးအစားဖြစ်ကြောင်း၊ တော်တော်များများ တွေ့ရှိရကြောင်း၊ တမံဖို့ရာတွင် သဲဆန်သော (Sandy Clay)မြေများကို အထူးဂရုပြုပြီး ရှာဖွေခဲ့ရကြောင်း၊ မြေကြီးများကို ယူရာတွင် အကြမ်းဖျင်း ပေ ၁၂၀၀၀ခန့်မှ ယူဆောင်ခဲ့ရကြောင်း၊ တမံပေါင်ဖို့မည့် နေရာအောက်ခြေ မြေအနေအထားကလည်း သတ်မှတ်ထားသောခံနိုင်ရည် အနေအထား ထက်နည်းနေသည့်အတွက် အောက်ခြေကိုလည်း ခုနစ်ပေ၊ ရှစ်ပေခန့် တူးထုတ်ပြီးမှ ဖို့ခဲ့ရကြောင်း အဓိကအခက်အခဲမှာ

"ဆည်ဆောက်ပြီး လမ်းတွေပါ ဖောက်ပေးလို့ သွားလာရတာ လွယ်ကူ အဆင်ပြေနေပါပြီ။"

ဒေါ်သန္တာ(မူလတန်းပြဆရာမ)
အလယ်တန်းကျောင်းခွဲ
နတ်ပေးကျေးရွာ၊ ကန့်ဘလူမြို့။

မြေစမ်းသပ်ခြင်းဖြစ်ပြီး မြေထိန်းသိမ်းရေးအဖွဲ့၏ သဘောတူညီခွင့်ပြုချက်ဖြင့် မြေကို ရွေးချယ် ဖို့ခြင်းပင်ဖြစ်ကြောင်း ရှင်းပြသည်။

တမံအမျိုးအစား

လင်ပန်းရေလှောင်တမံမှာ လင်ပန်းချောင်းပေါ်တွင် တည်ဆောက်ထား၍ ရေဆင်းဧရိယာစတုရန်းမိုင်မှာ ၁၆စတုရန်းမိုင်ရှိသည်။ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၄၁လက်မရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ပေ၈၀၀၀ရှိသည်။ တမံအမျိုးအစားသည် တမံအမြင့် ၄၁ပေ၊ တမံအလျားပေ ၉၈၀၀ရှိ၍ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၀၁၈၀ဖြစ်ပြီး ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၁၈၅၀ ဖြစ်သည်။

ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ အချင်းသုံးပေ၊ အလျား ၁၀၈ပေရှိ၍ ရေပိုလွှဲ အကျယ်ပေ ၄၀၊

"စီမံကိန်းသီးနှံများ ပြည့်ဝအောင်မြင်စွာ စိုက်ပျိုးနိုင်တော့မှာဖြစ်ပါတယ်။"

ဦးမြင့်မောင်
စိုက်ပျိုးရေးမန်နေဂျာ
ကန့်ဘလူမြို့နယ်။

ရေထုစီးနှုန်းမှာ စတုရန်း ၂၀၅၀ကုဗပေ/စက္ကန့်ဖြစ်သည်။ ဆည်ရေပေးနိုင်မည့် ဧရိယာမှာ ဧက ၂၀၀၀ဖြစ်သည်။

လင်ပန်းရေလှောင်တမံ တည်ဆောက်သည့်အခါ ကန့်ဘလူမြို့နယ် ထန်းကုန်းစံပြကျေးရွာမှနေပြီး ကန့်ဘလူမြို့ လင်ပန်းကျေးရွာအထိ မိုင်အရှည် ၁၁မိုင်ခန့် ဝေးသောနေရာသို့ ဂျင်းမြေသားလမ်းအဖြစ် ခင်းပေးခဲ့၍ ဒေသမှာ သွားရေးလာရေး လွယ်ကူခဲ့သည်။ လမ်းဖို့ရန်အတွက် မြေတူး

"ဆည်ကြီးဆောက်လို့ လမ်းတွေပေါ်လာတော့ ခြေကျင်သွားလာနေရတဲ့ ခရီးလမ်းကို အခုကားနဲ့ သွားလို့ရပြီလေ။"

ဦးဝင်းလွင်(တောင်သူ)
မယ်ဇလီကုန်းကျေးရွာ။

ယူရာတွင် မြေကျင်းများကို လေးထောင့်ကျကျတူးပြီး ငါးမွေးမြူရန်အတွက် ဆောင်ရွက်ပေးသဖြင့် ယခုအခါ ပေ ၁၀၀-၂၀၀ရှိသော ငါးမွေးမြူရေးကန် ၁၁ကန်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ဆည်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်လည်း နှစ်ရှည် စားပင်များ ဖြစ်သော သရက်ပင် ၅၀၀၊ ပိန္နဲပင် ၂၀၀နှင့် အရိပ်ရပင်များကိုလည်း စိုက်ပျိုးထားရှိခဲ့သဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးတွဲဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဝမ်းမြောက်ပျော်ရွှင်

လင်ပန်းတာတမံပေါ် လေ့လာရင်းကျောင်းပိတ်ရက်ဖြစ်၍ ဆည်ကြီးတည်ဆောက်မှုကို လာရောက်လေ့လာသည့် ဆရာမဒေါ်သန္တာနှင့် တွေ့ဆုံမေးမြန်းရာ "ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာ အလယ်တန်းကျောင်းခွဲ အမှတ်(၅၃)တွင် မူလတန်းပြတာဝန် ထမ်းဆောင်နေပါကြောင်း၊ ကျောင်း၌ စတင်ဝင်ရောက်လုပ်ကိုင်စဉ်က ဆည်တည်ဆောက်ခြင်း မရှိသေးကြောင်း၊ လမ်းများလည်း ဖောက်ထားခြင်းမရှိသေး၍ လူသွားလမ်းမှသာ ခြေကျင်သွားကြရကြောင်း၊ ဆည်တည်ဆောက်သည့်အခါမှ လမ်းကြီးဖောက်သဖြင့် သွားလာရ လွယ်ကူအဆင်ပြေကြောင်း၊ လမ်းကြီး ဖောက်ပြီးသော အခါမှ ကျောင်းသားများတိုးလာကြောင်း၊ မိဘများမှာ တောင်ယာလုပ်ကိုင်ကြပြီး ဆည်ကြီး

"ဆည်ရေကို လိုသလိုရလာပြီ ဆိုရင် တစ်ဧက ၁၀၀ကျော်ထွက်မှာ သေချာတာပေါ့ဗျာ။"

ဦးသန်းထွန်း(တောင်သူ)
ဝက်တိုး(မြောက်)မယ်ဇလီကုန်းကျေးရွာ။

ဖောက်ပြီးနောက်တွင် လုပ်ငန်းအဆင်ပြေစွာ လုပ်ကိုင်နိုင်ကြ၍ စီးပွားရေးချောင်လည်ခဲ့ကြောင်း၊ နိုင်ငံတော်က ယခုကဲ့သို့ သွားလာမှု လွယ်ကူအောင် လမ်းဖောက်ပေးခြင်း

"တမံမြေဖို့ရန်အတွက် သဲဆန်သော နုံ့မြေ (Sandy Clay) ကို ဘူမိဗေဒပညာရှင်များနှင့် ပူးပေါင်းရှာဖွေ တည်ဆောက်ခဲ့ရပါတယ်"

ဦးဝင်းထိုက်
ဦးစီးအရာရှိ(မြို့ပြ)
တည်ဆောက်ရေး(၄)။

ကြောင့် ကျေးရွာသူ ကျေးရွာသားများ ဝမ်းမြောက် ပျော်ရွှင်ကြပြီး စီးပွားရေး လုပ်ကိုင်ရာတွင် ချောင်လည်လာကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်နေကြကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောပြသည်။

လိုသလိုပေးမည်

၄င်းနောက် မယ်ဇလီကုန်းကျေးရွာမှ ဦးသန်းထွန်းအား တွေ့ဆုံမေးမြန်းရာ "ကန့်ဘလူမြို့နယ် ဝက်တိုး(မြောက်)ရွာမှ တောင်သူဖြစ်ကြောင်း၊ ဆည်ရေမရခင်က လယ်စိုက်ပျိုးရာတွင် မိုးကိုအားထား၍ လုပ်ရကြောင်း၊ မိုးရေသောက်ဒေသဖြစ်၍ မိုးမရွာလျှင် လယ်လုပ်ငန်း မလုပ်နိုင်ခဲ့ကြောင်း၊ မိုးကိုမျှော် စိုက်ပျိုးရကြောင်း၊ တစ်ဧကစပါး တင်း၇၀နှင့်၈၀ထွက်ကြောင်း၊ ဆည်ရေရသော ဒေသများတွင် တစ်ဧကစပါးတင်း၁၂၀ထွက်သည်ဟု သိရကြောင်း၊ မိမိတို့လည်းဆည်ရေရလျှင် စပါးတင်း ၁၀၀ကျော် ထွက်နိုင်မည်ဖြစ်ကြောင်း၊ ဆည်ရေရပါက စိုက်ရန် အသင့်ပြင်ဆင်ထားပြီ ဖြစ်ကြောင်း၊ အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆည်ရေကို လိုသလိုပေးမည်ဟု သိရသဖြင့် စပါးအထွက်တိုးအောင်စိုက်ရင် မိသားစု ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း၊ ယခုလိုဆောင်ရွက်ပေးသော နိုင်ငံ့အကြီးအကဲများအား အထူးကျေးဇူး တင်ပါကြောင်း"ဖြင့် ပြောပြသည်။

ဆက်လက်၍ မယ်ဇလီကုန်းကျေးရွာမှ တောင်သူဦးဝင်းလွင်အား မေးမြန်းရာတွင် "စပါး၁၀ဧကစိုက်ကြောင်း၊ မိုးကောင်းသောက်ဒေသဖြစ်၍ မိုးမရွာလျှင် လယ်မလုပ်နိုင်ကြောင်း၊ ဆည်ကြီးပြီး၍ ရေရပါက စိုက်ပျိုးရေး အဆင်ပြေမည်ဖြစ်ကြောင်း၊ လမ်းများဖောက်ထားခြင်းကြောင့် သွားလာရေးမှအစ အဆင်ပြေနေကြောင်း၊ ယခင်က ခြေကျင်သွားလာရကြောင်း၊ ယခုအခါ သုံးဘီးကားများ ပြေးဆွဲနေသဖြင့် အစစ အဆင်ပြေလာကြောင်း၊ သာရေး၊ နာရေးမှ အစ အဆင်ပြေနေပြီဖြစ်ကြောင်း၊ ယခင်က

"မိုးရေမရလို့ လယ်မစိုက်နိုင်တဲ့ ဒုက္ခကင်းဝေးရပြီမို့ မယ်ဇလီကုန်း တစ်ရွာလုံး ဝမ်းသာပျော်ရွှင်နေကြပါတယ်။"

မခိုင်ဇင်ဝင်း(တောင်သူ)
မယ်ဇလီကုန်းရွာသူ။

လှည်းဖြင့် သွားလာကြရကြောင်း၊ ယခုကဲ့သို့ သုံးဘီးဖြင့် သွားနိုင်ပြီဖြစ်ရာ အချိန်ကုန်သက်သာစွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် ဘယ်လို

ကျေးရွာသူ ကျေးရွာသားများ ဝမ်းသာပျော်ရွှင်နေကြပြီဖြစ်ကြောင်း"ဖြင့် ပြောပြသည်။

၄င်းနောက် မယ်ဇလီကုန်းကျေးရွာနေ ဦးသန်းလွင်အား တွေ့ဆုံမေးမြန်းရာ "လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြောင်း၊ လယ်စိုက်ဧက ခြောက်ဧကစိုက်ကြောင်း၊ ဆည်ဆောက်ရန်



"ဆည်ရေပေးလို့ ဝမ်းသာရသလို လမ်းတွေပါ ဖောက်ပေးတော့ ပိုပြီး ဝမ်းသာပီတိဖြစ်ရတာပေါ့။"

ဦးသန်းလွင်(တောင်ငူ)
လယ်ခြောက်ဧကစိုက်သူ။

အတွက် လမ်းဖောက်ပေးထားရာ သုံးဘီးကားများ ပြေးဆွဲနေကြသဖြင့် အစစ အချိန်ကုန်သက်သာစွာ သွားလာနိုင်ကြကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာသွားလာနိုင်ခြင်းကြောင့် များစွာ ဝမ်းသာပီတိဖြစ်ကြကြောင်း၊ ယခုလို အစစ အဆင်ပြေအောင် ဆောင်ရွက်ပေးသော နိုင်ငံ့အကြီးအကဲများအား သက်တော်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပါကြောင်း" ဖြင့် ပြောပြသည်။

ထို့နောက် ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်မောင်အား တွေ့ဆုံမေးမြန်းရာ "ဆည်ကြီး ဆောက်ပေးသဖြင့် ကျေးရွာသူကျေးရွာသားများ ဝမ်းသာပီတိဖြစ်နေကြောင်း၊ သီးနှံစိုက်ပျိုးရေးအတွက် မိုးကိုမျှော်နေရသောဒေသဖြစ်၍ မိုးမျှော်ရန်

လင်ပန်းတမံ၏ အကျယ်ပေ၄၀ရှိ သံကူကွန်ကရစ်အမျိုးအစားရေပိုလွှဲကို ဤသို့တွေ့ရသည်။
ဓာတ်ပုံအောင်သန်း(မင်္ဂလာတောင်ညွန့်)

တာပေါင်များမြေဖို့ရန်တူးဖော်ပြီး ငါးမွေးမြူရေးကန် ၁၁ကန်ကို တူးဖော်ပေးထားသည်။
ဓာတ်ပုံအောင်သန်း(မင်္ဂလာတောင်ညွန့်)

ဝမ်းသာပီတိဖြစ်ရသလဲဆိုတာကို ပြောမပြနိုင်အောင်ဖြစ်ကြောင်း"ဖြင့် ပြောပြသည်။

သွားလာရေးအဆင်ပြေ

ယင်းနောက် မယ်ဇလီကုန်းကျေးရွာမှ မခိုင်ဇင်ဝင်းအား တွေ့ဆုံမေးမြန်းရာတွင် "အလုပ်အကိုင်က တောင်သူဖြစ်ကြောင်း၊ အသက် ၂၂ နှစ်ဖြစ်၍ မိဘများနှင့်အတူ စိုက်ပျိုးရေး လုပ်ကိုင်ကြောင်း၊ စပါး၊ မြေပဲ၊ ပြောင်းစိုက်ကြောင်း၊ မိုးရေကို အားကိုးစိုက်ကြ၍ မိုးမရွာလျှင် လယ်မစိုက်နိုင်ကြောင်း၊ ဆည်ရေ ပေးတော့မည်ဟု သိရသဖြင့် ဝမ်းသာကြကြောင်း၊ ဆည်ရေကို လိုသလောက်ပေးမည်ဟုသိရ၍ အစစ အဆင်ပြေတော့မည်ဟုသိရပြီး ဝမ်းသာနေရကြောင်း၊ စိုက်ပျိုးရေးကိုလုပ်ရာတွင် ရေကို အားကိုးလုပ်ကိုင်ရသဖြင့် ရေရတော့မည်ကို သိကြပြီး ဝမ်းသာနေကြကြောင်း၊ သွားလာရေးအဆင်ပြေနေသဖြင့် ကျန်းမာရေး၊ စီးပွားရေးတို့ အဆင်ပြေမည်ဖြစ်သောကြောင့်

မလိုဘဲ ဆည်ရေရတော့မည်ဖြစ်၍ ဝမ်းသာလျက်ရှိကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးသော စိုက်ပျိုးရေး အထွက်တိုးရေးကို အင်တိုက်အားတိုက် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ဆီဖူလုံရေးနှင့် ပဲမျိုးစုံစိုက်ပျိုးရေးကို ဦးတည်ဆောင်ရွက်နေကြောင်း၊ စီမံကိန်းသီးနှံများ ပြည့်ဝအောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

လင်ပန်းရေလှောင်တမံ စီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြင့် ကန့်ဘလူမြို့နယ်တွင် လယ်မြေဧက ၂၀၀၀ ကို ရာသီမရွေးစိုက်ပျိုးနိုင်မည့်အပြင် ဒေသအတွင်း စီးပွားရေး၊ လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သဖြင့် ဒေသအတွင်း တောင်သူများ၏ လူမှုစီးပွားဘဝ အဝဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဒေးဒရဲမြို့နယ်ဖွံ့ဖြိုးရေးဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇူလိုင် ၁၈ရက်က ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ခံများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဝန်ကြီးသည် ဇူလိုင် ၂၀ ရက်က ဒေးဒရဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော စိုက်ပျိုးပို့ကုန်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ဒေးဒရဲမြို့နယ်အတွင်း လယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း အခမ်းအနားသို့တက်ရောက်၍ ဒေးဒရဲမြို့နယ်အတွင်း မိုးစပါးလျာထားချက် ပြည့်မီကျော်လွန် အထွက်တိုးရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

ကြီးပွားတိုးတက် အောင်မြင်မှု သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း စာနယ်ဇင်းရှင်းလင်းပွဲတွင် ဒေါက်တာ ဦးစံတင်အောင်(ရွှေဘို) ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ကြီးပွားတိုးတက်အောင်မြင်မှု သင်တန်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ကြီးပွားတိုးတက်အောင်မြင်မှု သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းစာနယ်ဇင်း ရှင်းလင်းပွဲကို ဇူလိုင် ၂၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်း စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ ဒေါက်တာ ဦးစံတင်အောင်(ရွှေဘို)က သင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

လေ့ကျင့်သင်ကြား

အဆိုပါသင်တန်းကို ဇွန် ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်း တစ်ပတ်လျှင် သင်တန်းသား ၁၀ ဦးအား ၁၀ ရက်ကြာ ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်း၌ အချိန်ကို အကျိုးရှိအောင် အသုံးချခြင်း၊ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ခြင်း၊ အကျင့်ကောင်းများ လေ့ကျင့်မွေးမြူပေးခြင်း၊ အောင်မြင်မှု နည်းလမ်းများနှင့် ကမ္ဘာပေါ်ရှိ ဆင်းရဲခြင်းမှ အောင်မြင်ချမ်းသာ ကြွယ်ဝလာသူများ အကြောင်း ဟောပြောခြင်း စသည်တို့ကို စာတွေ့၊ လက်တွေ့ စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပို့ချပေးလျက်ရှိ

ယင်းသင်တန်းသို့ အသက်အရွယ် မရွေး လူတိုင်းတက်ရောက်သင်ကြားနိုင်ကြောင်း၊ အငြိမ်းစား ဝန်ထမ်းများနှင့် သတင်းမီဒီယာလုပ်ငန်းများမှ တက်ရောက်လိုသူများကို အထူးအစီအစဉ်အဖြစ် အခမဲ့ သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

တက်ရောက်

ကြီးပွားတိုးတက်အောင်မြင်မှု သင်တန်းကို အမှတ်၂၉၉(ပထမထပ်)ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၈၈၆၉သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

(သတင်းစဉ်)

နဝဒေးတံတား(ပြည်)

ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၂၆

ဧရာဝတီမြစ်ကူး နဝဒေးတံတား(ပြည်)ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅) အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။

ပြောင်းလဲဖွင့်လှစ်

ယခုအခါ ဧရာဝတီမြစ်ရေများချိန် ရေစီးနှုန်းတိုးလာသဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၃၁ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄) အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

မီးနီထွန်းပြသထား

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင် အထက် ၁၇မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါမီးနီထွန်း ပြသထားမည်။

ထိန်းသိမ်းခုတ်မောင်း

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များတစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန် အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက်သတင်း ထုတ်ပြန် ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရန်

ဘိလိယက်နှင့်စနူကာလက်ရွေးစင်များရွေးချယ်၊ လေ့ကျင့်ပြင်ဆင်

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - အေးအေးဝင်း

ရန်ကုန် ဇူလိုင် ၂၆

နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရာ၌ အစဉ်အလာအားဖြင့် နှစ်တိုတိုဖြင့် အောင်မြင်မှုအရှိန်ရယူနေသည့် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်သည် အောင်ဆန်း အားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ (အဖွဲ့ချုပ်ရုံး)တွင် နိုင်ငံတကာပြိုင်ပွဲများအတွက် လက်ရွေးစင်များရွေးချယ်၍ အရှိန်အဟုန် ပြင်းပြင်းဖြင့် အောင်မြင်မှုရရှိရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ထိုကဲ့သို့ ပြင်ဆင်နေသော အောင်ဆန်းကွင်းရှိ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးရုံသို့ စာရေးသူ သွားရောက်ပြီး ပြည်ပပြိုင်ပွဲများအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုနှင့် ပြည်တွင်း၌ ဘိလိယက်နှင့် စနူကာအားကစားနည်း ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများကိုအုပ်ချုပ်သူဦးဝင်းမြင့်နှင့် နည်းပြဆရာ ဒေါက်တာ မင်းနိုင်တို့အား တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

ဘိလိယက် လက်ရွေးစင် အောင်ဆန်းဦး (မြို့တော် စည်ပင်) လေ့ကျင့်စဉ်။ (မြန်မာ့အလင်း)

အသင်းအုပ်ချုပ်သူ ဦးဝင်းမြင့်က "မိမိတို့ ဘိလိယက် အားကစားသမားလေးဦးဖြစ်သည့် ရန်ကုန်မြို့တော်စည်ပင်မှ ကျော်ဦး၊ ပေါက်စနှင့် အောင်ဆန်းဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အောင်ဌေး (ယခင်လက်ရွေးစင်ဟောင်း)များကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် လည်းကောင်း၊ စနူကာ အားကစားသမားများဖြစ်သည့် ရန်ကုန်တိုင်းမှ အာကာစိုးရင်နှင့် မွန်ပြည်နယ်မှ ရဲဇော်ထွန်းတို့ကို ၂၀၀၉ ခုနှစ် ဧပြီ၁ရက်တွင် အပြီးသတ်ရွေးချယ်၍ အောင်ဆန်းကွင်းရှိ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမနှင့် သိမ်ကြီးဈေးရှိ မေဝါးကလပ်တွင် တနင်္ဂနွေနေ့မှအပ ကျန်နေ့များတွင် နံနက်တစ်ကြိမ်၊ ညနေပိုင်း တစ်ကြိမ် ပြိုင်ပွဲပုံစံဖြင့် လေ့ကျင့်မှုပြုလျက်ရှိကြောင်း၊ အုပ်ချုပ်သူ ဦးဝင်းမြင့်၊ နည်းပြဆရာများဖြစ်သည့် ဒေါက်တာ မင်းနိုင် (ဘိလိယက်)နှင့် စနူကာအတွက် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းမြင့်မြတ်တို့က လေ့ကျင့်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြား နည်းပြအနေဖြင့် အိန္ဒိယနိုင်ငံမှ နည်းပြဆရာမ နုကိုသာရီ (MANOJKO THARI)၂၀၀၉ခုနှစ် ဇွန်၈ရက်မှ ၂၂ရက်အထိ လာရောက်ပြသရာ မြန်မာဘိလိယက်

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ နည်းပြဆရာ ဒေါက်တာ မင်းနိုင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
(မြန်မာ့အလင်း)

နှင့် စနူကာလက်ရွေးစင်များ အနေဖြင့် လက်ရည်အဆင့် သိသိသာသာ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရကြောင်း၊ ပြည်တွင်းပြိုင်ပွဲအနေဖြင့် အကြီးတန်း မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား IBTC (ဂရင်းရှိုင်ရယ်)နှင့် ပူးပေါင်း၍ ဘိလိယက်တစ်ဦးချင်းနှင့် စနူကာတစ်ဦးချင်း ပြိုင်ပွဲများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မကွေးမြို့များတွင် ကျင်းပပေးခဲ့ကြောင်း၊ အိမ်ရှင်နိုင်ငံအဖြစ် သတ္တမ အကြိမ်မြောက်ဘိလိယက်ပြိုင်ပွဲနှင့် အသက် ၂၁နှစ်အောက်စနူကာပြိုင်ပွဲများကိုအားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ဘိလိယက်နှင့် စနူကာအဖွဲ့ အသင်းပေါင်း ထောင်ချီ၍ ပေါ်ပေါက်လာအောင်စည်းရုံးနိုင်ခဲ့ကြောင်း၊ မိမိတို့၏ ဘိလိယက်နှင့် စနူကာလက်ရွေးစင်များ၏လက်ရည်သည်ယခင်လက်ရည်များ ထက်အထူးတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရကြောင်း" ပြောကြားသွားသည်။

ရွေးချယ်ယှဉ်ပြိုင်

နည်းပြဆရာ ဒေါက်တာမင်းနိုင်က "မိမိတို့အဖွဲ့မှ လက်ရွေးစင်များသည် ကစားချင်စိတ်၊ ကြိုးစားကစားချင်စိတ်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ တိုးတက်မှုရှိလာသည်ကို တွေ့ရကြောင်း၊ မိမိတို့အဖွဲ့ချုပ် အနေဖြင့် အောက်တိုဘာလတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည့် အာရှရုံတွင်း အားကစားပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်း ပြိုင်ပွဲ၌ ယခုရွေးချယ်ထားသည့် လက်ရွေးစင်လေးဦးထဲမှ အကောင်းဆုံးဘိလိယက် အားကစားသမားနှစ်ဦးကို ရွေးချယ်၍ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့ချုပ်သည် ၂၀၀၅ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကျင်းပသည့် အာရှအားကစားပြိုင်ပွဲ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်း၊ ပြည်တွင်းပြိုင်ပွဲများကျင်းပပေးနိုင်ခြင်းဖြင့် ဘိလိယက်အားကစားနည်းမှာ တောရောမြို့ပါ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာပြီး စိတ်ဝင်စားမှု များလာသည်ကိုတွေ့ရသဖြင့် မိမိတို့အဖွဲ့ချုပ်၏ စည်းရုံးရေး စွမ်းအားမြင့်မားလာသည်ကို တွေ့ရကြောင်း" ရှင်းပြသည်။

၂၀၀၅ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့်(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်ပွဲရခဲ့သော မြန်မာဘိလိယက်အားကစားသမားများအား အုပ်ချုပ်သူနည်းပြများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။
(မြန်မာ့အလင်း)

အားရဖွယ်

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်၏ အောင်မြင်မှု၊ စည်းရုံးဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဘိလိယက်ထိုးသူများ၊ ဘိလိယက်ခုံများ များစွာ ပေါ်ပေါက်လာပြီး အရည်အချင်းရှိ ဘိလိယက် လူငယ်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာသည်ကို အားရဖွယ်တွေ့ရကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ခရမ်း၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်း

ခရမ်း ဇူလိုင် ၂၆

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းဆောင်ရွက်မှုကို စီမံချက်ချ၍ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အခြေခံစာကြည့်တိုက်ပညာသင်တန်း ရွှေတောင်၌ဖွင့်

ရွှေတောင် ဇူလိုင် ၂၆

ပြည်ခရိုင် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁၁/၂၀၀၉)ဖွင့်ပွဲကို ရွှေတောင်မြို့နယ် ကသစ်တိုင်းကျေးရွာအုပ်စု မင်းရွာလေးဆူမွှာရုံ၌ ဇူလိုင် ၂၃ရက် နံနက် ၈ နာရီကကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က အမှာစကားပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ထပ်ဆင့်ရှင်းလင်း

မင်းတပ် ဇူလိုင် ၂၆

၂၀၀၉ ပညာသင်နှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၁နာရီက မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအုန်းညွန့်က ၂၀၀၉-၂၀၁၀ ပညာရည်မြင့်မားရေးအတွက် ဆုံးဖြတ်ချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် အချက်များကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

သန်လျင် ဇူလိုင် ၂၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးအဖွဲ့ (၁၅)မှ ထောက်ပံ့ပေးအပ်သည့် အသက် (၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်သည့် အခမ်းအနားကို ယနေ့တွင် သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီး တင်အေး(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၇၀အား ထောက်ပံ့ငွေကျပ် ၃၅၀၀၀၀၊ ၂၀၀၈-၂၀၀၉ ပညာသင် နှစ်တွင် ထူးချွန်စွာအောင်မြင်သည့် ကျောင်းသား ကျောင်းသူ ၁၀ဦးအတွက် ထောက်ပံ့ငွေ ကျပ် ၈၀၀၀၀၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ ၁၆၈ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၆၉၀၀၀တို့ကို မြို့နယ်စစ်မှု ထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးတင်အေး (အငြိမ်းစား)၊ အတွင်းရေးမှူး ဗိုလ်ကြီးစိုးနိုင်ဦး (အငြိမ်းစား)၊ ဘဏ္ဍာရေးမှူး ဗိုလ်ကြီးစိန်ဝင်း (အငြိမ်းစား)တို့က ပေးအပ်ချီးမြှင့်ခဲ့သည်။ **(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၇-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **အောင်တော်မူ**(စောမင်းနောင်၊ စိုင်းညိုမင်း၊တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ လက်ပန်လှတံတား
- ၈း၂၅ ၉။ **အလျော်အစား**
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၀၅ ၂။ အကပဒေသော
- ၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
- ၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ အတီးပြိုင်ပွဲ
- ၅း၁၅ ၈။ **စပါးကရွှေ ငါးကငွေ**
- ၅း၂၀ ၉။ သူရွှေသီရာတေးကဗျာ
- ၅း၃၅ ၁၀။ မြန်မာစာ မြန်မာစကား
- ၅း၄၅ ၁၁။ စုပါတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရေးနိုးဖူးစာ** (အပိုင်း-၁)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ(အပိုင်း-၁၄)**
- ၂၀။ အစီအစဉ်ပြီး၏။

ဥပဒေပညာဌာန ကျောင်းသားဟောင်းများ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်သူများအားဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၂၆

၁၉၈၂ ခုနှစ်မှ ၁၉၈၈-၉၁ ဥပဒေပညာဌာန ကျောင်းသားကျောင်းသူဟောင်းများ အဖွဲ့၏ သားသမီးများအနက် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၉နာရီက ဗဟန်း မြို့နယ် နတ်မောက်လမ်း မြေပဒေသာကျွန်း ဒေါ်လိဖင်စားသောက်ဆိုင်၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် အမှုဆောင်များက ခြောက်ဘာသာဂုဏ်ထူးရှင်သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင်သုံးဦးတို့ကို ထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

အဆိုပါ ထူးချွန်ဂုဏ်ပြုပွဲကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်သည် ခြောက်ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၃ရက်က ထန်းတပင် သီတာအေးကားလမ်းဘေးဝဲယာရှိ ရေမြောင်းများ၌ ဗေဒါဒိုက်များပိတ်ဆို့မှုကို ခနဲရိကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းရှင်းလင်းဆောင်ရွက်ကြရာ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးကကြည့်ရှု ကြပ်မတ်ဆောင်ရွက်စဉ်။ (၁၈၃)

ခြင်ဆေးဖျန်း

ကန့်ဘလူမြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် ဒု-ဦးစီးမှူး ဒေါ်စိန်အေးတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်ပျိုးထောင်

ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်၊ ပန်းအလှပင်များ ပြန်လည်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးငွေးနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ညလုံးပေါက်ဆူညံသံများ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

သထုံမြို့ သိမ်ကုန်းရပ်ကွက် ရွှေချောင်းလမ်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်အနီးရှိ အိမ်တစ်အိမ်တွင် ဘိလိယက်များ တစ်ညလုံးကစားနေသဖြင့် ဆူညံသံများကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

ပျံကျဈေးသည်များ စည်းကမ်းတကျ ရောင်းချနိုင်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေနံ့သာ ရပ်ကွက် ရေတာရှည်လမ်းဟောင်း ကားလမ်းမပေါ်တွင် ရောင်းချနေသော ပျံကျဈေးသည်များကြောင့် မကြာခဏ ဆိုသလို ကားလမ်းများ ပိတ်ဆို့လျက်ရှိရာ ကားလမ်းမပေါ်ရှိ ပျံကျဈေးသည်များအား လမ်းဘေးတွင် စည်းကမ်းတကျ ရောင်းချနိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ဗဟန်းသား**

ထမင်းဆိုင်ညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

မြင်းမူမြို့ နေ့ကလေးထိန်းကျောင်းအနီးရှိ လမ်းဘေးထမင်းဆိုင်သည် တစ်နေ့လုံး ကြော်လှော်သောကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများနှင့် ပတ်ဝန်းကျင်မှ ကလေးငယ်များ ညှော်နံ့ကို မခံနိုင်ပါသဖြင့် အဆိုပါ ထမင်းဆိုင်အား ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **မြင်းမူသား**

သစ်ပင်ခုတ်ထွင် ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ကသဲတန်းလမ်း အရှေ့ဘက်ထိပ်နားတွင် အလွန်ကြီးမားသော သပြေပင်ကြီးတစ်ပင်ရှိရာ ၄င်းအပင်မှ သစ်ကိုင်းကြီးသည် အနီးရှိ လျှပ်စစ်ဓာတ်အားလိုင်းပေါ်သို့ ထိမိနေ၍ ပွတ်တိုက်မှုများကြောင့် မီးအန္တရာယ်မကျရောက်စေရေး သက်ဆိုင်ရာမှ ခုတ်ထွင် ရှင်းလင်းဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

စည်းကမ်းမဲ့ ပျံကျဈေးသည်များ ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း အလုံမြို့နယ် သစ်တောလမ်းနှင့် ၄ဝါလမ်းထောင့်ရှိ အလုံဈေးတွင် တရားမဝင် သား၊ ငါး ပျံကျဈေးသည်များ စည်းကမ်းမရှိ ဝင်ရောက်ရောင်းချနေပါသဖြင့် လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန်။ **ဈေးသူ၊ဈေးသားများ**

ရေစီးမြောင်းတူးဖော်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဗိုလ်ကံညွန့်ရပ်ကွက် ဇမ္ဗူမေတ္တာလမ်းရှိ စည်ပင်သာယာရေကန်၏နောက်တွင် မူလက ရေမြောင်းရှိခဲ့သော်လည်း ယခုအခါ ရေမြောင်းမှာ မရှိတော့သဖြင့် ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားတစ်ဦး**

ရပ်ကွက်အတွင်းမှ အရက်ပုန်းဆိုင် ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ်(င)ရပ်ကွက် ဝဇီရာ(၉)လမ်း လမ်းထိပ်တည့်တည့်တွင် အရက်ဆိုင်တစ်ဆိုင် ရောင်းချလျက်ရှိရာ လာရောက်သောက်သုံးသူများ၏ မဆင်မခြင် အပြုအမူများ၊ ခိုက်ရန်ဖြစ် ဆူညံသံများကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသဖြင့် ယင်းအရက်ဆိုင်ကို သင့်တော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူရပ်ကွက်သားများ**

ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပြီးစီး

၁၁-၅-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဝန်းသိုမြို့ ကျော်ထွန်းရပ်ကွက်ကိုရေပေးဝေလျက်ရှိရာ အိမ်ခြေအနည်းစုသာ ရေရရှိပါသဖြင့် ရပ်ကွက်နေပြည်သူများ ရေလုံလောက်စွာသုံးစွဲနိုင်ရေး သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဝက်မွေးမြူရေးကြောင့် အနှောင့်အယှက်ဖြစ်ရ ဖြေရှင်းပြီး

၁၃-၇-၂၀၀၉ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ **မကွေးမြို့ အောင်ရတနာအုပ်စု ရန်နိုင်ရပ်ကွက် ၂၄လမ်းရှိ နေအိမ်တစ်အိမ်တွင် ဝက်မွေးမြူရေးကြောင့် အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် ဗလာစာအုပ်၊ စာရေးကိရိယာလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သုဝဏ္ဏ) ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် ပညာသင်စရိတ်နှင့် ဗလာစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ယုဇနဆောင်၌ ကျင်းပရာ မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဗိုလ်မှူးကြီး အောင်ဒင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးချစ်မျိုးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဖြူဖြူစိုးနှင့် မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်ရည်ရည်ဆွေတို့က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ A(H1N1)၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်တားဆီး နှိမ်နင်းရေးလုပ်ငန်းများကို ရုပ်ပုံကားချပ်၊ လက်ကမ်းစာစောင်များဖြင့် ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ပညာသင်စရိတ်နှင့် ဗလာစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ကွန်ပျူတာခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူ ၅၆ ဦးတို့အား ပညာသင်ထောက်ပံ့ကြေး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။**(အောက်ပုံ)**

(မြန်မာ့အလင်း)

သဘင်ပညာရှင်များအစည်းအရုံး(ဗဟို) တတိယအကြိမ်သဘင်သက်ကြီးပူဇော်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)၏ တတိယအကြိမ် သဘင်သက်ကြီး ပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်း အဏ္ဏဝါမြေမှာရုံ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မာဒင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် သက်ကြီးပူဇော်ပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ အတွင်းရေးမှူး ဦးအောင်တင်ဝင်းက ရှင်းလင်းတင်ပြပြီး လှူဒါန်းငွေများစာရင်းကို ဘဏ္ဍာရေးမှူး ဦးစိန်ဘမော်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ သက်ကြီးသဘင်ပညာရှင်များအား အလှူငွေများကို ပေးအပ်ကြပြီး ပူဇော်ကန်တော့ကြသည်။ သက်ကြီးသဘင်ပညာရှင်များကိုယ်စား ရွှာစားကြီးဦးစိန်လှမြိုင်က ကျေးဇူးတင်စကားပြောကြားသည်။ **(မြန်မာ့အလင်း)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၆-၇-၂၀၀၉

နေပြည်တော်
၀၁၃သမ၅၄ လက်မ

ဒွမြို့
၅၁၃သမ၉၄ လက်မ

ရေး
၅၁၃သမ၃၆ လက်မ

ရန်ကုန်
၄၁၃သမ၈၄ လက်မ

ပုသိမ်
၄၁၃သမ၂၁ လက်မ

မအူပင်
၄၁၃သမ၀၆ လက်မ

ပူတာအို
၃၁၃သမ၂၃ လက်မ

■ *ကျော်ဖုံးမှ*

ပူးပေါင်း

ထို့ကြောင့် အီးဆာနှင့် နာဆာတို့မှ အာကာသသိပ္ပံပညာရှင်များပူးပေါင်းကာ အင်္ဂါဂြိုဟ်မျက်နှာပြင်ကို လေ့လာမည့် ယာဉ်ငယ်တွင် နည်းပညာများ ထပ်မံထည့်သွင်းကာ လိုအပ်သည့် ကိရိယာများ တပ်ဆင်ကြမည်ဖြစ်သည်။

စီစဉ်

အင်္ဂါဂြိုဟ်ဆင်းအာကာသယာဉ်ငယ်တွင် ဘီးခြောက်ဘီးပါရှိပြီး မှန်ဘီးလူးခြောက်ခုနှင့် ကင်မရာခြောက်လုံး တပ်ဆင်ထားသည်။ ထို့အပြင် ယာဉ်ငယ်၏ကိုယ်ထည်တွင်လည်း ကင်မရာနှစ်လုံး တပ်ဆင်ထားသည်။

လွှတ်တင်

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်ကို နာဆာမှ အက်လက်စ်ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ပြီး နာဆာနှင့်အီးဆာတို့မှ အာကာသသိပ္ပံပညာရှင်များက လာမည့် ၂၀၁၈ ခုနှစ်၌ လွှတ်တင်ရန် မျှော်မှန်းထားသည်။ *(အင်တာနက်)*

တာချီလိတ် ပြန်/ဆက် စာဖတ်ဝိုင်းကျင်းပ

တာချီလိတ် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် သတင်းစာပါ ဆောင်းပါးများဖတ်ကြားသည့် စာဖတ်ဝိုင်းကို ဇူလိုင် ၂၀ရက် နံနက်က ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ရုပ်သံကျွမ်းကျင်-၃ ဦးမြသိန်းက ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်နေ့ထုတ်သတင်းစာပါဆောင်းပါးရှင်မောင်မှတ်၏ "ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်လျက် လက်ကမ်းလျက်ပါ" (၁နှင့်၂)ကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်ခိုင်ခိုင်လင်းက ဇူလိုင် ၁၇ ရက်နေ့ထုတ် သတင်းစာပါ ဆောင်းပါးရှင် လေ့လာသူတစ်ဦး၏ "ကြိုးရှုပ်တာ ရှင်းရင်းနဲ့ မိုးအလင်းထိ မကနိုင်မယ့်ဇာတ်တစ်ခန်းရပ်ဖို့ အချိန်တန်ပြီ" ဆောင်းပါးကိုလည်းကောင်း အသီးသီး ဖတ်ကြားသည်။

ဆွေးနွေး

ထို့နောက် စာဖတ်ဝိုင်းတွင် ဦးစီးမှူး ဦးလှဌေးက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က ဆောင်းပါးရှင်တို့၏ ဆိုလိုရင်းအဓိပ္ပာယ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကျေးရွာချင်းဆက်လမ်း

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘီးလင်းမြို့နယ် ဇုတ်သုတ်ကန်ရွာ ကျေးရွာချင်းဆက်လမ်းတစ်မိုင် ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်နိုင်မိုးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးမျိုးအောင်စိုးတို့ ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး မင်္ဂလာတောင်ညွန့်၌ စုပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၆

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားဆောင်ရွက်မှုအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ အိမ်ထောင်စု ၅၉၇၈စု၊ လူဦးရေ ၃၆၇၉ နေထိုင်သော တောင်ညွန့်ရထားရပ်ကွက်တွင် ဇူလိုင် ၂၅ရက်က ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းစေရန် ရေမြောင်းဆယ်ယူခြင်းတို့ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သန်း၊ မြို့နယ်အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဦးတို့ ပါဝင်ကြီးကြပ်ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ခြင်ဆေးမှုတ်

မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းပါဝင်ကာ အမက (၂၃)ကျောင်းဝင်း အတွင်းအပြင် ခြင်ဆေးမှုတ်ခြင်း၊ ဖျန်းခြင်းနှင့် နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်းများကို နံနက် ၇နာရီမှ ၉နာရီအထိ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ **(၁၂၃)**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Function Hall၌ ကျင်းပမည်ဖြစ်သည်။ အသင်းသား အသင်းသူများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းရုံးခန်း ဖုန်း-၅၁၉၆၇၆ လိုင်းခွဲ ၅၀၁၊ ဦးအေးလွင် ဖုန်း-၀၉-၅၀-၀၆၂၅၈၊ ဦးကြိုင်စိန် ဖုန်း-၀၉-၂၀-၄၂၀၅၄၊ ဦးသန်းထွန်း ဖုန်း- ၀၉-၅၁-၅၁၃၀၉၊ ဦးရီစိန် ဖုန်း-၀၉-၅၀-၄၀၄၁၁၊ ဒေါက်တာဇော်ဝင်း ဖုန်း-၅၃၄၅၀၉ နှင့် ဒေါက်တာဒေါ်တင်ဌေးမူ ဖုန်း-၀၉-၅၁-၅၃၄၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ကလေးငယ်၏လည်ပင်းမှရွှေဆွဲကြိုးဖြတ်ပြေးသူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရပ်ကင်းအဖွဲ့မှ ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပင်လုံဈေးအတွင်း ဈေးဝယ်နေသူအမျိုးသမီးတစ်ဦးချီထားသည့် ကလေး၏ လည်ပင်း၌ ဆွဲထားသည့်ရွှေဆွဲကြိုးကို ဖြတ်ယူထွက်ပြေးသူနှစ်ဦးအား ပြည်သူဝိုင်းဝန်းကူညီမှုဖြင့် လှိုင်သာယာမြို့နယ် သောင်ကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဇူလိုင် ၁၉ရက်တွင် သက်သေခံရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ

ဖြစ်ပွားပုံမှာ ဇူလိုင် ၁၉ရက် နံနက် ၁၁နာရီခန့်တွင် လှိုင်သာယာမြို့နယ် ပင်လုံဈေး၌ မနန္ဒာသည် ကလေးချီ၍ ဈေးဝယ်နေစဉ် သမီးငယ်၏လည်ပင်းတွင် ဆွဲထားသည့် ရွှေအလေးချိန်လေးပဲ လေးရွေးရှိ ဆွဲကြိုးတစ်ကုံးကို အမျိုးသမီးနှစ်ဦးက ဖြတ်ယူထွက်ပြေးသွားသဖြင့် အကူအညီတောင်းခံခဲ့ရာ လှိုင်သာယာမြို့နယ် သောင်ကြီးရဲစခန်းမှ ရပ်ကင်းတာဝန်ကျတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ရွှေလင်ဘန်းကျေးရွာနေ မအေးအေးနှင်း(ခ) မချိုနှင့် (၁၉)ရပ်ကွက်နေ မစန်းမြင့်တို့နှစ်ဦးအား သံကတ်ကြေးတစ်လက်၊ ရွှေဆွဲကြိုးအပြတ် တစ်ခုတို့အတူ ဖမ်းဆီး ရမိခဲ့သည်။

အသိပညာပေး

ပြစ်မှုကျူးလွန်သူ မအေးအေးနှင်း (ခ)မချိုနှင့် မစန်းမြင့်တို့အား သောင်ကြီးရဲစခန်းမှ အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိကြောင်းနှင့် ကလေးငယ်များအား အဖိုးတန်လက်ဝတ်ရတနာများဝတ်ဆင်ပေးထားမှုကြောင့် ယခုကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ပြည်သူလူထုအား မှုခင်း အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့အထူးခြားဆုံးဟိုတယ်များ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားဖွယ်ဖြစ်အောင်ဆွဲဆောင်မှုအဖြစ် ထူးခြားသောဟိုတယ်များကို ကမ္ဘာ့နိုင်ငံအချို့၌ တည်ဆောက်ထားရာ ထူးခြားသည့် ဟိုတယ်အချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

ဒူဘိုင်းကမ်းလွန်မှ အတ္တလန္တစ်ဟိုတယ်

ဒူဘိုင်းမြို့ကမ်းလွန်၌ ပင်လယ်ပြင်ကို မြေဖို့ပြီး တည်ဆောက်ထားသည့် ဟိုတယ်ဖြစ်ပြီး ပတ်ဝန်းကျင်တွင် ပင်လယ်ရေပြင်ကြီးရှိနေသဖြင့် ပင်လယ်သမုဒ္ဒရာ၏သဘာဝအလှကို တိုက်ရိုက်ထိတွေ့ခံစားနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ပါဝင်

ယင်းဟိုတယ်တွင် အခန်းပေါင်း ၁၅၃၉ ခန်းပါဝင်ပြီး အကျယ်အဝန်းမှာ ၁၇ဟက်တာကျယ်ဝန်းသည်။ ဟိုတယ်တည်ဆောက်မှု ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၅ဘီလီယံ ဖြစ်သည်။ **(အင်တာနက်)**

ချီလီနိုင်ငံမှ တောင်ပေါ်ဟိုတယ်

ချီလီနိုင်ငံ တောင်ပိုင်း အင်ဒီးစ်တောင်တန်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ (ဝဲပုံ) မှန်ကာများဖြင့် အများဆုံး ထည့်သွင်းတည်ဆောက်ထားသည်။ လှပသော တောင်ပေါ်ပသာဒ ရှုခင်းကို တိုက်ရိုက်မြင်တွေ့ခံစားနိုင်ရန် ဖြစ်သည်။

အထောက်အကူပြု

လှပသောဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားပြီး ကမ္ဘာလှည့်ခရီးသွားများအတွက် ငါးရက်နှင့် လေးည ခရီးစဉ်တစ်ခုကို အမေရိကန် ဒေါ်လာ ၆၂၂၄ ဒေါ်လာ ဟိုတယ်ခ ပေးဆောင်ရမည်ဖြစ်သည်။ တောင်တန်းများပေါ် လမ်းလျှောက်ခြင်း၊ သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်ခြင်းတို့ကြောင့် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် ဟိုတယ်လည်းဖြစ်သည်။ (အင်တာနက်)

အမေရိကန်မှ လေပေါ်ဟိုတယ်

အမေရိကန်နိုင်ငံ ကနေဒီလေဆိပ်၌ အခြေဆိုက်ထားသောရဟတ်ယာဉ်ဟိုတယ်ဖြစ်သည်။ **(ယာပုံ)**

ဟိုတယ်ပြုလုပ်ရန်အထူးပုံစံ ထုတ်ထားသောရဟတ်ယာဉ်ဖြစ်ပြီး ၂၀၀၄ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အကျယ်အဝန်း

ရဟတ်ယာဉ်ဟိုတယ်၏ အချင်းမှာ ၁၁၅ပေရှိသည်။ အထပ်လေးထပ်ပါရှိပြီး အခန်းပေါင်း ၁၈ခန်းပါရှိသည်။

ပျံသန်းပေး

ရဟတ်ယာဉ်ဟိုတယ်၏ အလေးချိန်မှာ ၂၃၂၈၇၀ ပေါင် ဖြစ်သည်။ ရဟတ်ယာဉ်ဟိုတယ်အတွင်း၌ အိပ်ခန်းများ၊ အင်တာနက်၊ မီနီဘား၊ ကော်ဖီဖျော်စက်နှင့် စားသောက်ခန်းများပါရှိသည်။ ကြယ်ငါးပွင့်အဆင့်ရှိသောဟိုတယ်တစ်ခုအတိုင်း တည်ဆောက်ထားခြင်းဖြစ်ကာ ဧည့်သည်များ၏ဆန္ဒအတိုင်း ခရီးစဉ်များပျံသန်းပေးလျက်ရှိသည်။

(အင်တာနက်)

ဖော်ကွာဝေးမည်ကို စိုးထိတ်ခဲ့ကြပါသော်လည်း . . . .

နိုင်ငံတကာမှုခင်း

ပင်ဆာကိုလာမြို့လေးသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ပင်လယ်ဆိပ်ကမ်းမြို့လေး တစ်မြို့ဖြစ်သည်။ လူဦးရေနှစ်သိန်းကျော်နေထိုင်သော အေးချမ်းသာယာလှပသည့်မြို့ဖြစ်သည်။

ကွာခြား

ပင်ဆာကိုလာမြို့အနောက်ပိုင်းတွင်နေထိုင်သော ဘိုင်ရတ်ဒ်ဘီလင်နှင့် ဇနီးသည်မီလာနီဘီလင်**(ဝဲပုံ)**တို့သည် လွန်ခဲ့သောနှစ် ၃၀ခန့်က ချစ်ခင်စုံမက်လက်ဆက်ခဲ့ကြသည်။ ထိုစဉ်က ဘိုင်ရတ်ဒ်ဘီလင်သည့်၂၆နှစ်အရွယ်ရှိပြီး မီလာနီမှာ၂၁နှစ်အရွယ်သာရှိသေးသည်။ ၎င်းတို့နှစ်ဦးမှာအသက်ငါးနှစ်ကွာသည်။

ပြောစမှတ်ပြု

ဘိုင်ရတ်ဒ်နှင့် မီလာနီတို့သည် အသက်အားဖြင့် အတန်အသင့်ကွာသော်လည်း ရှေ့သွားနောက်လိုက်ညီသူ နှစ်ဦးဖြစ်သည်။ ထို့အပြင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုရှိပြီး အပေးအယူမျှပြီး စိတ်သဘောထားပြည့်ဝကာ လူတစ်ဖက်သားအား သနားကြင်နာ ကူညီတတ်ကြသူများဖြစ်ကြသဖြင့် နေနှင့်လ ရွှေနှင့်မြပမာတင့်တယ်ကာ လိုက်ဖက်ညီသည့် ဇနီးမောင်နှံဟူ၍ ယင်းမြို့တွင် ပြောစမှတ်ပြုကြရသည်။

ပြုစုစောင့်ရှောက်

ဘိုင်ရတ်ဒ်နှင့်မီလာနီတို့သည် ဘိုးစဉ်ဘောင်ဆက်ချမ်းသာကာ မိဘဘိုးဘွားအမွေအနှစ်များကို ရရှိထားကြသဖြင့် ချမ်းသာကြသည့်အပြင် စီးပွားရေးလုပ်ငန်းတွင်လည်း အောင်မြင်ကြသူများဖြစ်သည်။ ၎င်းတို့ဇနီးမောင်နှံသည် ပင်ဆာကိုလာမြို့အနောက်ပိုင်းဒေသရှိ ငါးဧကခန့်ကျယ်ဝန်းသော ခြံကြီးအတွင်း အိပ်ခန်းကိုးခန်းအပြင် အဆောင်ဆောင်အခန်းခန်းပါဝင်ကာ ကြီးကျယ်ခမ်းနားသော နှစ်ထပ်တိုက်ကြီး**(အောက်ပုံ)** တည်ဆောက်လျက် ခမ်းခမ်းနားနားနေထိုင်ခဲ့ကြသည်။ ထို့အပြင် တိုက်အိမ်ကြီး၏နောက်ပိုင်း ညာဘက်ခြမ်းတွင် အပန်းဖြေရေကူးကန် တည်ဆောက်ထားသကဲ့သို့ အိမ်၏ရှေ့မျက်နှာစာဘက်တွင်လည်း အပန်းဖြေပန်းဥယျာဉ်လေးတစ်ခုကို ထားရှိခဲ့သည်။ ဘိုင်ရတ်ဒ်နှင့်မီလာနီတို့၌ သားသမီးလေးဦးထွန်းကားခဲ့ပြီး ကြင်နာသနားတတ်သော ဇနီးမောင်နှံပီပီ မိဘမဲ့ကာအမှန်တကယ်အကူအညီလိုအပ်နေသော ကလေး ၁၃ဦးကိုလည်း အမွေစားအမွေခံသားသမီးများအဖြစ် မွေးစားပြီး ၎င်းတို့၏ရင်သွေးများနှင့်မခြား ကြင်နာယုယလျက် လုပ်ကျွေးပြုစုစောင့်ရှောက်ခဲ့သည်။

၎င်းတို့ဇနီးမောင်နှံ၏ ဘဝသည် ငွေကြေးနေဥစ္စာအင်အား ကြွယ်ဝတောင့်တင်းသည့်အပြင် မိသားစု သိုက်သိုက်ဝန်းဝန်း စည်းစည်းလုံးလုံးရှိကြသဖြင့် သာယာပျော်ရွှင်ဖွယ်အတိ ပြီးနေခဲ့သည်။ သားသမီးအရင်းလေးဦးနှင့် မွေးစားသားသမီး ၁၃ဦးတို့သည်လည်း ဘိုင်ရတ်ဒ်နှင့်မီလာနီတို့ မိဘနှစ်ဦးအပေါ် ရှိသေလေးစားချစ်ခင်ကြင်နာပြီး ၎င်းတို့အချင်းချင်းလည်း ချစ်ခင်စည်းလုံးကာ ယုယကြင်နာကြသဖြင့် ၎င်းတို့မိသားစု၏အိမ်သည် သိရိဂေဟာကြီးသဖွယ် အေးချမ်းသာယာမှုအပေါင်းနှင့် ပျော်ရွှင်ဖွယ်အတိပြီးဖြစ်ခဲ့သည်။

ထာဝရကျောခိုင်း

သို့သော်လည်း မွေးစားကလေး ၁၃ဦးအနက် သုံးဦးမှာ ပိုးမွေးသကဲ့သို့ မွေးနေသည့်ကြားမှ သေဆုံးခဲ့သဖြင့် ရင်ထုမနာခံစားခဲ့ရသေးသည်။ သားသမီးအရင်းလေးဦးအနက် အကြီးဆုံးမှာ၂၆နှစ်အရွယ်ရှိနေပြီး လေးဦးစလုံး သူ့အိုးသူ့အိမ်နှင့်ဖြစ်နေကြပြီဖြစ်သည်။ ဘိုင်ရတ်ဒ်နှင့် မီလာနီတို့သည် ကျန်မွေးစားကလေး၁၀ဦးနှင့်အတူ ပျော်ရွှင်စွာ ဆက်လက်နေထိုင်ရင်း ယခုနှစ် ဇူလိုင် ၉ရက်တွင် မမျှော်လင့်သောကြမ္မာဆိုးကြီးနှင့် ပက်ပင်းတိုးကာ လူမမယ်မွေးစားသားသမီးများအားလောကကြီးအလယ်တွင်ချန်ထားခဲ့လျက်ထာဝရကျောခိုင်းထွက်ခွာခဲ့ကြရသည်။

စုံစမ်းစစ်ဆေး

ယင်းနေ့ညက ဘိုင်ရတ်ဒ်နှင့်မီလာနီတို့၏ အိမ်ရှေ့သို့ ကားနှစ်စီး ဝင်ရောက်ရပ်တန့်ကာ အမည်းရောင်ဝတ်စုံများဝတ်ပြီး မျက်နှာဖုံးစွပ်ထားသော လူငါးဦးသည် ၎င်းတို့ ဇနီးမောင်နှံနေထိုင်ရာ အိမ်တွင်းသို့ ဝင်ရောက်သွားခဲ့ကြကြောင်း၊ယာဉ်မောင်းများမှာမူ ၎င်းတို့၏ ယာဉ်အတွင်း ကျန်နေရစ်ခဲ့ဖွယ်ရှိကြောင်း၊အိမ်တွင်းသို့ဝင်ရောက်ကာ ၎င်းတို့ဇနီးမောင်နှံအား သေနတ်ဖြင့် ပစ်သတ်သွားသူများကို ၎င်းတို့နေအိမ်တွင် တပ်ဆင်ထားသော လုံခြုံရေးကင်မရာများမှ ရိုက်ကူးမှတ်တမ်းတင်ထားကြောင်း သက်ဆိုင်ရာမှ လေ့လာစုံစမ်း စစ်ဆေး၍ သိရှိခဲ့သည်။

ရဲတပ်ဖွဲ့သည် လုံခြုံရေးကင်မရာမှ ရိုက်ကူးထားသော ပုံများတွင်ပါသည့် ဗင်ကားတစ်စီးကို သက်ဆိုင်ရာ မီဒီယာများသို့ ပေးပို့အကူအညီတောင်းခဲ့မှုကြောင့် လူတစ်ဦးက ရဲတပ်ဖွဲ့အား ဆက်သွယ်သတင်းပေးခဲ့သည်။ သတင်းပေးက ၎င်းသည် ယင်းပုံတွင်ပါဝင်သော ဗင်ကားနှင့်ဆင်တူသည့် ကားတစ်စီးကို နှစ်ပေါင်းများစွာ ပိုင်ဆိုင်ခဲ့ကြောင်း၊ မကြာမီက တာရီပေ့ါဖ်အမည်ရှိ အမျိုးသမီးက သူမ၏သား လီယိုနတ်ပက်ထရစ်ဂွန်ဇာလက်ဂျူနီယာအတွက် ၎င်း၏ကားကို ဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် တရားရုံးတွင်လည်း ကျမ်းကျိန်ထွက်ဆိုပေးခဲ့သည်။

ဖမ်းဆီးထိန်းသိမ်း

ရရှိသောသတင်းအရ ရဲတပ်ဖွဲ့က ဇူလိုင် ၁၁ရက်တွင် ဂွန်ဇာလက်၏နေအိမ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ဂွန်ဇာလက်၏အိမ်အနီးတွင် နေထိုင်သော ၎င်း၏ဦးလေးကို စစ်ဆေးမေးမြန်းရာ လွန်ခဲ့သောသီတင်းပတ်အနည်းငယ်က ဂွန်ဇာလက်သည် ကားကိုအိမ်နောက်တွင်ထားကြောင်း၊ ၎င်းနောက်အိမ်ရှေ့သို့ ရွှေ့ထားပြီး တစ်ဖန်အိမ်နောက်ဘက်တွင် ပြန်ထားကြောင်း ထွက်ဆိုခဲ့သည်။ ဇနီးမောင်နှံသေဆုံးမှုနှင့်ပတ်သက်ပြီး အဓိက စီစဉ်ညွှန်ကြားသူအဖြစ်ယူဆထားသူ အသက်(၃၅)နှစ်ရှိ ဂွန်ဇာလက်နှင့် အယ်လ်ဘားမားပြည်နယ်တွင်လိုက်လံဖမ်းဆီးခဲ့ရသည့် ဒေါနယ်လ်ရေးစတောလ်ဝပ်သ်အပါအဝင် သံသယရှိသူ ခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဒေါနယ်လ်အားအစောပိုင်းက ဒေါ်လာတစ်သန်းအာမခံဖြင့် လွှတ်ပေးရန် လျှောက်ထားချက်ကို တရားရုံးက ပယ်ချ၍ အာမခံမပေးခဲ့ချေ။ ရှစ်ဦးမြောက် သံသယရှိသူဖြစ်ပြီး ဇနီးမောင်နှံ၏ အိမ်နီးချင်းမိတ်ဆွေဖြစ်သူ ပါမီလာဝစ်ဂင်အား ဒေါ်လာတစ်သောင်း အာမခံဖြင့် လွှတ်ပေးခဲ့သည်။ ဂွန်ဇာလက်က ဇနီးမောင်နှံအားသတ်မှုဖြစ်ပွားသည့်နေ့က ၎င်း၏ကားကိုသုံးစွဲမှုမရှိခဲ့ကြောင်း၊ ၎င်းကွပ်ကဲနေသည့် ကိုယ်ခံပညာသင်တန်းခန်းမအတွက် သေဆုံးသူဇနီးမောင်နှံက ငွေကြေးထောက်ပံ့ထားကြောင်း ရုံး၌ထွက်ဆိုခဲ့သည်။

ဆက်လက်ထိန်းသိမ်း

နောက်ပိုင်းတွင် ဂွန်ဇာလက်သည် ဘိုင်ရတ်ဒ်ဘီလင်၏ ကုမ္ပဏီများအနက်မှ တစ်ခုတွင်လုပ်ကာ လက်ကိုင်ဖုန်းပွဲစားလည်းလုပ်ကြောင်း၊ ဂွန်ဇာလက်သည် အသိုင်းအဝိုင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များထံမှ အလှူငွေကောက်ခံခဲ့ကြောင်း၊ ဘိုင်ရတ်ဒ်ဘီလင်ကမူ အလှူငွေထည့်သော်လည်း ဂွန်ဇာလက်ချေးသောငွေကိုမပေးခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားချိန် ဇနီးမောင်နှံနှစ်ဦး အိပ်ခန်းတွင် ပစ်သတ်ခံရချိန်၌ ကလေးကိုးဦးမှာ အိမ်၌ရှိနေပြီး တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်ကာ အိမ်နီးချင်းအား အကူအညီတောင်းခံခဲ့ကြောင်း၊ ၎င်းတို့ဇနီးမောင်နှံပိုင်ဆိုင်သော မိုက္ကရိုဝေ့ဖ်မီးဖိုအရွယ်အစားရှိ မီးခံသေတ္တာကို အိမ်နောက်ဘက်၌ မြှုပ်နှံကာ အုတ်ခဲများနှင့်ဖိထားသည်ကိုတွေ့ရပြီး ၎င်းသေတ္တာတွင်းရှိ ရွှေငွေ၊ ကျောက်သံပတ္တမြားများ၊ ကလေးမွေးစားစာချုပ်များနှင့် ဆေးမှတ်တမ်းအားလုံး ပျောက်ဆုံးနေကြောင်း၊ ၎င်းတို့၏ အသက်(၂၆)နှစ်အရွယ်ရှိ သမီးမာခမ်းက အိမ်ကိုလုံခြုံအောင် ထိန်းသိမ်းပြင်ဆင်ကာ မိဘများ၏ဆန္ဒအတိုင်း ကလေးများကို ဆက်လက်ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ယခုဖြစ်ရပ်တွင် ဘိုင်ရတ်ဒ်ဘီလင်နှင့်မီလာနီဘီလင်တို့သည် မခွဲမခွာနေထိုင်ကာ ဖော်ကွာဝေးမည်ကို စိုးထိတ်ခဲ့ကြပါသော်လည်း ဝိဘတ်ကြမ္မာ မလွတ်သာသဖြင့် သေကွဲ ကွဲကာ ဖော်ကွာဝေးခဲ့ကြရပြီး ၎င်းတို့ ချစ်ခင်တွယ်တာသည့် သားသမီးများအား ထာဝရကျောခိုင်းခွဲခွာခဲ့ကြရသော ရင်နင့်ဖွယ်ရာအဖြစ်ကို ကိုးကားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက် ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

ငမိုးရိပ်မိကျောင်းနှစ်ကောင် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့လှူဒါန်း

ကန့်ဘလူ ဇူလိုင် ၂၆

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်ရှိ ငမိုးရိပ်မိကျောင်းနှစ်ကောင်ကို နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ ဇူလိုင် ၁၂ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ရေငန်မိကျောင်းမျိုး

အဆိုပါ ငမိုးရိပ်မိကျောင်းနှစ်ကောင်မှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရေငန်မိကျောင်းမျိုးဖြစ်ပြီး အသက် ၁၂နှစ်အရွယ် အဖို၊ အမ တစ်စုံဖြစ်သည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၄ရက်က ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်သို့ ရောက်ရှိခဲ့ပြီး တစ်နှစ်ခွဲကာလ ကျော်ခဲ့ပြီဖြစ်သော်လည်း မျိုးပွားမှုမရှိဟု သိရသည်။

အလားတူ ကန့်ဘလူ အင်ကြင်းဥယျာဉ်မှ ကျောက်ကုန်းဖြူ-လင်းတငှက် တစ်ကောင်ကိုလည်း မန္တလေးမြို့ ရတနာပုံတိရစ္ဆာန်ဥယျာဉ်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။ (သတင်းမှတ်စု-သတင်းထောက် မိုးမြင့်)

၂၀၁၈ခုနှစ်၌ အင်္ဂါဂြိုဟ်လေ့လာရေး ဒုံးပျံယာဉ်လွှတ်တင်မည်

ဘာသာပြန်မှတ်စု - မိုးမြင့်လင်းလက်



လာမည့် ၂၀၁၁ ခုနှစ်တွင် အင်္ဂါဂြိုဟ် လေ့လာရေးအတွက် လွှတ်တင်မည့် အာကာသယာဉ်၌ ပါဝင်မည့် အင်္ဂါဂြိုဟ်မျက်နှာပြင် ဆင်း လေ့လာရေးယာဉ်ငယ် အချိန်မီ တပ်ဆင်ပြီးစီးနိုင်မည့် အနေအထားမရှိသဖြင့် လွှတ်တင်မှုကို ရွှေ့ဆိုင်းရမည်ဖြစ်ကြောင်း ဥရောပ အာကာသ အေဂျင်စီ (အီဆာ)က သတင်းထုတ်ပြန်လိုက်သည်။

လိုအပ်

အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာသုတေသနပြုမည့် ယာဉ်ငယ်တွင် အလိုအလျောက် မှတ်တမ်းတင်နိုင်သည့် ရုပ်ပုံနှင့် ထူးခြားအဖြစ်အပျက်များကို ဖမ်းယူနိုင်သောကိရိယာများ၌ နည်းပညာများ ထည့်သွင်းရန် လိုအပ်လျက်ရှိနေသောကြောင့် ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

ကျောက်တန်း ကဏန်းပျော့မွေးမြူရေးဇုန်၌ အအေးခန်းစက်ရုံသို့ တင်ပို့မည့် ကဏန်းပျော့များအားတွေ့ရစဉ်။ (သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါတွေ့ရှိသည့် စတုတ္ထမြောက်လူနာ ဆေးရုံမှဆင်း

နေပြည်တော် ဇူလိုင် ၂၆

မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုး တွေ့ရှိသူ ခြောက်ဦးအနက် စတုတ္ထမြောက်လူနာမှာ ရောဂါပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှ ဆင်းပေးပြီးဖြစ်ကြောင်း၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ကြောင့် ဆေးရုံတက်လူနာ နှစ်ဦးသာကျန်ရှိကြောင်း၊ အဆိုပါ လူနာနှစ်ဦးမှာလည်း ရောဂါသက်သာလျက်ရှိကြောင်း သိရှိရသည်။

စမ်းသပ်စစ်ဆေး

ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ ၈၉ဦးအား ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ခြောက်ဦးသာရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်တန်း ကဏန်းမွေးမြူရေးဇုန်၌ ပြည်ပဈေးကွက်ဝင် ကဏန်းပျော့များ တိုးမြှင့်ထုတ်လုပ်ပြီး နိုင်ငံခြားငွေ တိုးတက်ရှာဖွေလျက်ရှိ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - မောင်မောင်ထွေး (သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအဖွဲ့ချုပ်၏ အခမ်းအနားတစ်ခုတွင် မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးနှင်းဦးနှင့် ဆုံတွေ့မိခဲ့ရာမှ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ကျောက်တန်း ကဏန်းပျော့မွေးမြူရေးဇုန်တွင် အအေးခန်းစက်ရုံ တည်ဆောက်၍ ပြည်ပဈေးကွက်ဝင် ကဏန်းပျော့များကို မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိခဲ့ရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

27-7 (20).pmd 1 7/27/2009, 2:20 AM